# ကြေးမုံ
The Mirror
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ တနင်္လာနေ့၊ (17-8-2015) (၈၂၉၅)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကို ဝီဒိုဒိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မိုးလေဝသ

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် မိုးအားလျော့နည်းနေမည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်များထံ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများ စိစစ်နိုင်ရန် အကြောင်းကြားစာပေးပို့

နေပြည်တော် ဩဂုတ် ၁၆

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့ရက်စွဲဖြင့် နိုင်ငံရေးပါတီများအားလုံးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်များအားလုံးထံ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို စိစစ်နိုင်ရန်အတွက် အကြောင်းကြားစာပေးပို့ခဲ့သည်။**

အဆိုပါ အကြောင်းကြားစာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းလွှာများကို သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ဩဂုတ် ၁၈ ရက်မှ စတင်၍ ဩဂုတ် ၂၇ ရက်အထိ စိစစ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဩဂုတ် ၃ ရက်တွင် ကြေညာချက်အမှတ်(၄၁/၂၀၁၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၇၂ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၉၁၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၅၀၄ ဦး (တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၃ ဦး အပါအဝင်) စုစုပေါင်း ကိုယ်စားလှယ်လောင်း ၆၁၈၉ ဦး ရှိနေပြီဖြစ်ကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**

# ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် အဲကွန်းတွဲဆိုင်းအသစ် နှစ်ဆိုင်းနှင့် (မ) RBT ရထားတွဲဆိုင်း တစ်ပြိုင်တည်းပြေးဆွဲ

သတင်း စာမျက်နှာ » ၃




ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် (ဆ)အထူးရထား တွဲဆိုင်းအသစ်အား တွေ့ရစဉ်။

## နောက်တစ်ခါ မလာနိုင်အောင်

စာမျက်နှာ » ၂

## အင်ဒိုနီးရှား လေယာဉ်ပျက်ကျ လေယာဉ်ပေါ်ပါသူများ အသက်ရှင်ဖွယ်မရှိ

စာမျက်နှာ » ၄

## ဒီအချိန် ဒီရာသီမှာ စပါးပေးယူစားရတဲ့ ဘဝတွေလေ၊ အခုဒီလိုဖြစ်တော့ စပါးတွေမရှိတဲ့အတွက် ပေးမယ့်သူကလည်း မပေးတော့ဘူး၊ လက်လုပ်လက်စားတွေ ဒုက္ခရောက်ပါတယ်

စာမျက်နှာ » ၁၀


MECTEL CDMA 800 MHz 3G
နေရာမရွေး၊ အချိန်မရွေး အရေးကြုံလျှင် MECTel ကို ရွေးချယ်သုံးစွဲလိုက်ပါ
ထူးခြားသော ခေါ်ဆိုမှုနှုန်းထားအသစ်
MECTel ဖုန်းအချင်းချင်း တစ်မိနစ်လျှင် ၂၂ကျပ်
MECTel ဖုန်းမှ အခြားဖုန်းများသို့ တစ်မိနစ်လျှင် ၂၃ကျပ်
အင်တာနက် သုံးစွဲခအား တစ်မိနစ်လျှင် ၃ကျပ်

အတွေးအမြင်

ကြေးမုံစာတည်းရှုထောင့် — ၁၇-၈-၂၀၁၅၊ တနင်္လာနေ့

# နောက်တစ်ခါ မလာနိုင်အောင်

အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်မင်းသမီးကြီး ဒေါ်မြင့်မြင့်ခင် သီဆိုခဲ့သည့် "နားပန်းဆံ"တေးသီချင်းမှ "နောက်တစ်ခါလာပြန်ပြီဟေ့"တေးသွားကို ယခုမိုးကြီးရေလျှံ ဖြစ်ရပ်မှန်နှင့်ပတ်သက်၍ ဆက်စပ်တွေးတောမိခြင်းဖြစ်ပါသည်။ မိုးကြီးရေလျှံခြင်းမှာ ယခင်ကလည်းကြုံခဲ့ဖူးပြီး ယခုတစ်ခါ ထပ်မံ၍ကြုံတွေ့ရသောအခါ နောက်တစ်ခါလာပြန်ပြီဟု ဆိုလိုခြင်းဖြစ်ပါသည်။

ယခုကြုံတွေ့မှုသည် ယခင်ကြုံတွေ့မှုနှင့်လုံးဝမတူပါဟု ဒေသခံတို့က ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံဖြစ်ပွားခဲ့ရာတွင် ထိုဒေသရှိ အနိမ့်ပိုင်းမြို့၊ ရွာ၊ ရပ်ကွက်များ ရေနစ်မြုပ်ခဲ့ရာ ရေပြန်ကျသွားသည့်အခါတွင် ရပ်ကွက်၊ ကျေးရွာများနှင့် နေအိမ်များအားလုံး ရွှံ့ညွှန်များဖုံးလွှမ်းခဲ့သောကြောင့်ဖြစ်သည်။

ယခင်ကလည်း ရေကြီးရေလျှံမှုများနှင့်ကြုံတွေ့ဖူးပါသည်။ သို့သော် ယခုကဲ့သို့ ရွှံ့ညွှန်များဖုံးလွှမ်းခြင်း၊ ရွှံ့ညွှန်အောက်သို့ရောက်သွားခြင်း မရှိခဲ့ပါဟု ဒေသခံတို့က ဆိုကြပါသည်။ လက်တွေ့တွင်လည်း ရေပြန်ကျသွားသောအခါ မြို့ရွာများရှိ နေအိမ်၊ ကျောင်းဇရပ်၊ လမ်းများပေါ်မှ ရွှံ့ညွှန်များကို ခဲရာခဲဆစ် ပြန်လည်ဖယ်ရှားပေးနေရသည်ကို မြင်တွေ့ရပါသည်။

အချို့ရွာများဆိုလျှင် နေအိမ်တစ်ဝက်ခန့် ရွှံ့ညွှန်များအောက်သို့ ရောက်သွားခဲ့သဖြင့် မည်သို့မျှ ပြန်လည်အဖတ်ဆယ်မရသည့် အခြေအနေသို့ ရောက်ရှိခဲ့သည်ကို ကလေးဒေသတွင် မြင်တွေ့ရပါသည်။ အချို့လမ်းများဆိုလျှင်လည်း ပျက်စီးသွားခဲ့သည့်အပြင် ဖုံးလွှမ်းသွားသော ရွှံ့ညွှန်များကို ခက်ခဲစွာ ဖယ်ရှားပေးနေရသည်ကို မြင်တွေ့ရပါသည်။

သို့ဆိုပါလျှင် အဆိုပါရွှံ့ညွှန်များ မည်သို့မည်ပုံရောက်ရှိလာသည်ကို ပြန်လည် လေ့လာဆန်းစစ်မှုပြုဖို့လိုမည်ဖြစ်ပါသည်။ Environment သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို သတိမူဖို့လိုနေပါပြီ။ Disaster Risk Reduction သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပွားရသည့် ဘေးအန္တရာယ်လျှော့ချရေးကို မပျက်မကွက် လုပ်ဆောင်ကြရပါတော့မည်။

အနာဂတ်တွင် ကျွန်ုပ်တို့ဘာတွေကို လုပ်ဆောင်ကြမည်နည်း။ သဘာဝပတ်ဝန်းကျင်အတွက် မည်သည့်အရာကိုမျှ အလေးထားလုပ်ဆောင်ခြင်းမပြုနိုင်ပါလျှင် နားပန်းဆံတေးသွားအတိုင်း "နောက်တစ်ခါ လာပြန်ပြီဟေ့" ဆိုရမလိုဖြစ်ပါမည်။ ယင်းအရာမှာ လွယ်လွယ်ကူကူဆိုရလျှင် မြေဆီလွှာထိန်းသိမ်းခြင်းဖြစ်ပါသည်။ မြေဆီလွှာထိန်းသိမ်းရန်အတွက် သစ်ပင်စိုက်ရမည်ကို အခြေခံပညာသင်ရိုးလောက်ဖြင့် သိနိုင်ပါသည်။

သို့သော် ကျွန်ုပ်တို့သစ်ပင်မစိုက်ပါ။ မိုးရာသီသစ်ပင်စိုက်ခြင်းကို သရုပ်ဖော်လောက် လုပ်ပြတတ်ပါသည်။ သဘာဝပတ်ဝန်းကျင် ပထဝီဝင်အနေအထားအရ မည်သည့်အရပ်တွင် ရေစီးဆင်းမှုရှိပြီး ရေဝေရေလဲသစ်တောစိုက်ခင်းများမရှိပါက မြေဆီလွှာတိုက်စားခြင်းကို ခံရနိုင်သည်။ ရေစီးကြောင်းမကောင်းပါက ရေကြီး ရေလျှံဖြစ်ပွားနိုင်သည်။ တောတောင်များတွင် သစ်တောများပြုန်းတီးပါက တောင်ကျရေနှင့်အတူ မြေဆီလွှာများ တိုက်စားကျဆင်းလာနိုင်သည် စသည်တို့ကို သာမန်ပြည်သူများထက် စာလျှင် ပညာရှင်များက ပိုမို၍သိမြင်ကြပါသည်။

ဖြစ်ပွားလာမှုသာအရေးပေါ်ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးကို ခက်ခက်ခဲခဲလုပ်ဆောင်နေရပါလျှင် နောက်တစ်ခါလာပြန်လျှင် မည်သို့မည်ပုံထပ်မံဆောင်ရွက်ဦးမည်ကို ကြိုတင်မြော်တွေးစဉ်းစားထားသင့်ပါသည်။ သဘာဝဘေးဆိုသည်မှာ တားဆီးမရသော သဘာဝတရားဖြစ်ပါသည်။ ထိုသဘာဝတရားကို လူတို့အသိဉာဏ်နှင့် စွမ်းဆောင်နိုင်မှုအားဖြင့် ကျော်လွှားသွားနိုင်ပါသည်။

ယခုအဖြစ်သည် ယခင်နှစ်နှင့်မတူ ဆိုးရွားစွာဖြစ်ပေါ်ခဲ့ပါသည်။ ရွှံ့ညွှန်များထူထဲစွာ ကျရောက်ခြင်းကို ယခင်က ယခုလောက်အဘယ်ကြောင့် မဖြစ်ခဲ့သနည်း။ အဖြေကရိုးရှင်းပါသည်။ သစ်တောသစ်ပင်များ ပြုန်းတီးသွားသောကြောင့်ဟု အကြမ်းဖျင်းဆိုနိုင်ပါသည်။ ထိုကဲ့သို့အဖြစ်မျိုး "နောက်တစ်ခါမလာနိုင်အောင်" Environment သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁၇**

၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ကျရောက်သော အင်ဒိုနီးရှားသမ္မတနိုင်ငံ၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးမစ္စ ရတ်နို အယ်လ်ပီ မာဆူဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၃၄ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၆ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၃၉ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၄ ရက်အထိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ၁၇၇၂ ဦး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်း ၉၁၃ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၃၃၄၁ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆၃ ဦး စုစုပေါင်း ၆၁၈၉ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၉၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၃၂၃ ဦးတို့က အမည်စာရင်း တင်သွင်းခဲ့ကြကြောင်း သိရှိရသည်။ အမည်စာရင်း တင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းမှားယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ရေကြီးနစ်မြုပ်ဒေသမှ ပျက်စီးပျောက်ဆုံးသွားသည့် နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်ထုတ်ပေး

**တမူး ဩဂုတ် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် ခမိတ်ကျေးရွာအုပ်စု ခမိတ်ကျေးရွာတွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျောက်ဆုံးပျက်စီးသွားသော နိုင်ငံသားစိစစ်ရေးကတ်များအား တမူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးပျက်စီးသွားသူတစ်ဦးချင်းစီအား ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ကောင်းနန္ဒကျော်(တမူး)**



## ရေဘေးကြောင့် စာသင်ကျောင်း ၃၇ ကျောင်း ခေတ္တပိတ်ထား

**ကျုံပျော် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ဒါးကချောင်းရေနှင့် မြစ်ရေများ ဝင်ရောက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်တချို့နှင့် ကျေးရွာများရှိ လူနေအိမ်၊ ကျောင်းနှင့် လယ်ယာမြေများအတွင်း ရေဝင်ရောက်လျက်ရှိရာ ဩဂုတ် ၆ ရက်မှ ၁၄ ရက်အထိ စာသင်ကျောင်း ၃၇ ကျောင်းယာယီပိတ်ပေးထားရကြောင်း သိရသည်။

ယခင်က ယာယီကျောင်းပိတ်ရက်ကို တစ်ပတ်သတ်မှတ်ထားသော်လည်း ရေများပြန်လည်ကျဆင်းမှု မရှိသောကြောင့် ပိတ်ရက်ထပ်မံတိုးပေးထားရပြီး ကျောင်းဖွင့်ရက်ကို ရေကျဆင်းမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ကျောင်းသားများ အသက်အန္တရာယ် ကင်းဝေးရေးအတွက် စီမံဆောင်ရွက်ပေးရခြင်း ဖြစ်ကြောင်း သိရသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**




ကြေးမုံ The Mirror
နေ့စဉ်သတင်းစာ
**စာတည်းမှူးချုပ် -** ဦးခင်မောင်ကျော်ဒင်
**စာတည်းများ -** ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး -** ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ -** ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း -** ခင်ခင်သက်
**အားကစားစာတည်း -** မေလှဲ့သင်း
**ဆောင်းပါးစာတည်း -** စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ -** ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ -** သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက် -** ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက် -** စုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် အဲကွန်းတွဲဆိုင်းအသစ် နှစ်ဆိုင်းနှင့် (မ) RBT ရထားတွဲဆိုင်း တစ်ပြိုင်တည်းပြေးဆွဲ

**ရန်ကုန်  ဩဂုတ်  ၁၆**

ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် မြန်မာ့မီးရထားမှ လက်ရှိပြေးဆွဲပေးနေသည့် ရထားတွဲဆိုင်းများအား AIR CONDITION-RBE တွဲဆိုင်းအသစ်များဖြင့် အစားထိုးပြေးဆွဲပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက AIR CONDITION-RBE တွဲဆိုင်းအသစ်ဖြစ်သော (ဆ)အထူးရထား၊ (ဂ)အထူးရထား နှင့် (မ) RBT ရထားတွဲဆိုင်းသုံးဆိုင်း တစ်ပြိုင်တည်း အစားထိုးပြေးဆွဲပေးလိုက်ပြီဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ရန်ကုန်မြို့ပတ်လမ်းပိုင်းအတွက် AIR CONDITION-RBE တွဲဆိုင်းအသစ် နှစ်ဆိုင်းနှင့် RBT တွဲဆိုင်းအစားထိုးပြေးဆွဲခြင်းအခမ်းအနားကို ရန်ကုန်ဘူတာကြီး၌ ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ ကကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းနှင့်တာဝန်ရှိသူများ တက်ရောက်ပြီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ရန်ကုန်ဘူတာကြီးမှ စတင်ပြေးဆွဲပေးခဲ့သည်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ လက်ထောက်အထွေထွေမန်နေဂျာ (ပို့ဆောင်ရေး)ဦးကျော်စိုးလင်းက" ဒီနေ့ တွဲဆိုင်းသုံးဆိုင်းတစ်ခါတည်းပြေးဆွဲလိုက်ပါပြီ။ ဒီအတွဲတွေက ဂျပန်ကမှာယူထားတာပါ။ ပြီးတော့ မြန်မာနိုင်ငံနဲ့ ကိုက်ညီအောင် ပြုပြင်မွမ်းမံမှုတွေပြုလုပ်ရပါသေးတယ်။ လုပ်နိုင်တဲ့ တွဲဆိုင်း အခြေအနေပေါ် မူတည်ပြီး အစားထိုးပြေးဆွဲပေးလိုက်တာပါ။လက်ရှိ နောက်ထပ် ၁၀ တွဲပြုပြင်မွမ်းမံမှုတွေလုပ်ဆောင်နေပါပြီ။ ပြုပြင်မွမ်းမံပြီးသွားရင်တော့ ထပ်မံအစားထိုးပြေးဆွဲပေးသွားတော့မှာပါ။ ရှေ့လလောက်ဆို အဲကွန်းရထားတွေကို အစားထိုးပြေးဆွဲပေးဖို့တွေရှိနေပါသေးတယ်။ ဒီတွဲဆိုင်း သုံးဆိုင်းထဲက RBT ရထားကတော့ အဲကွန်းမပါပါဘူး။ ဟိုးအရင်က ကနဦး တင်သွင်းထားတဲ့ RBE ရထားတွေက အင်ဂျင်ပိုင်းဆိုင်ရာချွတ်ယွင်းမှုတွေ ဖြစ်သွားပြီး သက်တမ်းလည်းကုန်သွားတာမို့ အင်ဂျင်တွေကိုဖြုတ်ချပြီး လူစီးတွဲတွေပြုလုပ်လိုက်တာပါ။ Recycle လုပ်ပြီး အကျိုးရှိအောင်ပြုလုပ်လိုက်တဲ့ သဘောပါပဲ" ဟု မီဒီယာများအား သီးသန့်ရှင်းပြခဲ့သည်။

အဆိုပါ ရန်ကုန်မြို့ပတ်လမ်းပိုင်း AIR CONDITION-RBE တွဲဆိုင်းအသစ်များ၏ခရီးစဉ်ဘူတာများအရလည်း ယခင်ပြေးဆွဲပေးခဲ့သော"ဂ" ရထားကဲ့သို့ပင်(ဂ)အထူးရထားမှာရန်ကုန်-အင်းစိန်-လှော်ကားခရီးစဉ်များအား လက်ဝဲရစ်နှင့် လက်ယာရစ်ပတ်မည်ဖြစ်ပြီး(ဆ)အထူးရထားမှာလည်း ယခင် "ဆ" ရထားကဲ့သို့ပင် အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန်ခရီးစဉ်များအား လက်ဝဲရစ်နှင့် လက်ယာရစ်ပတ်မည်ဖြစ်ကာ ဆင်ခြေဖုံးလမ်းပိုင်းအတိုင်း လက်ယာရစ်ပြေးဆွဲပေးမည့် (မ) RBT တွဲဆိုင်းရထားမှာလည်း ယခင်ပြေးဆွဲပေးခဲ့သည့် 'မ' ရထားခရီးစဉ်များအတိုင်း ရန်ကုန်-တိုးကြောင်ကလေး-ရွာသာကြီးခရီးစဉ်များအားပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။(ဆ)အထူးရထားတွဲဆိုင်းအတွက် ရထားစီးခရီးသည် ဦးရေ ထိုင်စီး ၂၈၀၊ ရပ်စီး ၂၃၀လိုက်ပါစီးနင်းနိုင်ကြမည်ဖြစ်ပြီး(ဂ)အထူးရထားတွဲဆိုင်းအတွက် ရထားစီးခရီးသည်ဦးရေ ထိုင်စီး ၃၉၂ ဦး၊ ရပ်စီး ၂၁၀ လိုက်ပါစီးနင်းနိုင်ကြမည်ဖြစ်ကာ(မ) RBT တွဲဆိုင်းအတွက် ရထားစီးခရီးသည် ဦးရေ ထိုင်စီး ၂၈၇ ဦး၊ ရပ်စီး ၂၇၉ ဦးလိုက်ပါစီးနင်းနိုင်ကြမည်ဖြစ်သည်။

မြန်မာ့မီးရထားမှ မြို့ပတ်လမ်းပိုင်းအား အဲကွန်းရထားများဖြင့်ဆက်လက်အစားထိုးပြေးဆွဲရန်စီစဉ်လျက်ရှိပြီး ရန်ကုန်မြို့ပတ်လမ်းပိုင်းအား Upgrade ဆောင်ရွက်ရန်အတွက် JICA နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ တွဲဆိုင်းအဟောင်းများအား လိုအပ်သည့်လမ်းပိုင်းများရှိ တွဲဆိုင်းများတွင် အစားထိုးပြေးဆွဲသွားမည်ဖြစ်ပြီး ပြုပြင်မွမ်းမံရမည့်ရထားတွဲဟောင်းများအား မြစ်ငယ်စက်ရုံသို့ပို့ဆောင်ကာ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။ထို့အပြင် မြန်မာ့မီးရထားမှ ဂျပန်နိုင်ငံမှတင်သွင်းလာသောတွဲများထဲမှ နောက်ထပ်တွဲဆိုင်း နှစ်ဆိုင်းအား ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင်ထပ်မံဖြည့်တင်း ပြေးဆွဲပေးရန်ရှိကြောင်း၊ ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးလမ်းပိုင်းရှိ ခရီးမိုင်မှာ စုစုပေါင်း ၇၁ ဒသမ ၁၄ မိုင်ရှိပြီး မြို့ပတ်လမ်းပိုင်း၌ ဘလောက်ဘူတာ ခြောက်ဘူတာနှင့် ဘူတာ စာရေးဘူတာ ၃၂ ဘူတာတို့ဖြင့် စုစုပေါင်း ၃၈ ဘူတာရှိကြောင်း၊ ဆင်ခြေဖုံးလမ်းပိုင်း၌ ဘလောက်ဘူတာ ၁၀ ဘူတာနှင့် ဘူတာစာရေး ဘူတာခုနစ်ဘူတာရှိပြီး စုစုပေါင်း ၅၅ ဘူတာရှိနေကြောင်း၊လက်ရှိအနေအထားအရ တစ်ရက်လျှင် ရထားစီးခရီးသည် တစ်သိန်းဝန်းကျင်ခန့်အထိရှိလာကြောင်း မြန်မာ့မီးရထားမှ စုံစမ်းသိရှိရ သည်။

**(စိုးဝင်း-MLA)**

**ဆင်ခြေဖုံးလမ်းပိုင်းအတိုင်း လက်ယာရစ်ပြေးဆွဲပေးမည့် (မ) RBT ရထားတွဲဆိုင်းအသစ်အားတွေ့ရစဉ်။**



*** ရွှေဖုံးမှ**

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏နည်းဥပဒေ ၂၆ တွင် အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရန် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးက ဤကိစ္စအလို့ငှာ စာဖြင့် တာဝန်လွှဲအပ်ထားသူ၊ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးကို ကူညီရန်အတွက် ယင်းအဖွဲ့ခွဲက တာဝန်ပေးအပ်ထားခြင်းခံရသူများနှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် သတ်မှတ်ထားသည့် နေ့ရက်၊ အချိန်နှင့် နေရာသို့ လာရောက်ခွင့်ရှိကြောင်း ပြဌာန်းထားကြောင်း ပါရှိသည်။

ယခုအခါ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လွှတ်တော်အသီးသီးသို့ ဝင်ရောက်ယှဉ်ပြိုင်လိုကြသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးသည် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွင် ယင်းတို့၏ အမည်စာရင်းတင်သွင်းလွှာများကို တင်သွင်းထားကြပြီးဖြစ်ကြောင်း။

ထိုသို့ အမည်စာရင်း တင်သွင်းကြရာတွင် အချို့သောလွှတ်တော်မဲဆန္ဒနယ်များ၌ လွှတ်တော်မဲဆန္ဒနယ်တစ်ခုတည်းအတွက်ပင် နိုင်ငံရေးပါတီ တစ်ခုတည်းကို ကိုယ်စားပြု၍ အမည်စာရင်းတင်သွင်းသူ နှစ်ဦးရှိကြောင်း နှင့် လွှတ်တော်မဲဆန္ဒနယ် တစ်ခုတွင် ယှဉ်ပြိုင်အရွေးခံရန် အမည်စာရင်းတင်သွင်းပြီးသည့်နောက် ယင်း၏ အမည်စာရင်းတင်သွင်းလွှာကိုရုပ်သိမ်းပြီး အခြားလွှတ်တော် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမည်စာရင်း ထပ်မံတင်သွင်းမှုများ ရှိခဲ့ကြောင်း စိစစ်တွေ့ရှိရကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးတို့က လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရာ၌ မှန်ကန်မှုရှိစေရေး၊ နှောင့်နှေးကြန့်ကြာမှု မရှိစေရေး၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ နစ်နာမှုမရှိစေရေးတို့အတွက် အမည်စာရင်းတင်သွင်းလွှာများကို စိစစ်ရန် သတ်မှတ်ထားသော နေ့ရက်၊ အချိန်နှင့် နေရာသို့ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကိုယ်တိုင် အလေးထား၍ သွားရောက်နိုင်ရေးနှင့် အမည်စာရင်းတင်သွင်းထားသော ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အနေဖြင့်လည်း ကိုယ်စားလှယ်လောင်းစိစစ်ချိန်တွင် မိမိတို့ကိုယ်တိုင် သွားရောက်နိုင်ရေး အထူးအလေးထား ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်းဖြင့် ဖော်ပြထားသည်။

**(သတင်းစဉ်)**



# တရုတ်နိုင်ငံကယ်ဆယ်ရေးအဖွဲ့ (B.S.R)မှ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများပေးအပ်

**အင်္ဂပူ  ဩဂုတ် ၁၆**

အင်္ဂပူမြို့အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးခန်းမတွင် ဩဂုတ်၁၅ရက် နံနက်၁၀နာရီက တရုတ်နိုင်ငံ ပုဂ္ဂလိကကယ်ဆယ်ရေး( Blue Sky Rescue)မှ ပေးအပ်လှူဒါန်းသော ရေဘေးကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားပြုလုပ်သည်။

အခမ်းအနားတွင် တရုတ်နိုင်ငံ ပုဂ္ဂလိကကယ်ဆယ်ရေး(Blue Sky Rescue)မှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပုဂ္ဂလိကကယ်ဆယ်ရေး (Blue Sky Rescue)မှ အခမ်းအနားသို့ တက်ရောက်လာသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များအား ကယ်ဆယ်ရေးပစ္စည်းများ ကိုင်တွယ်အသုံးပြုပုံများကို သင်တန်းပို့ချခဲ့ပြီး ပုဂ္ဂလိကကယ်ဆယ်ရေး(Blue Sky Rescue)မှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းတွင် အသုံးပြုရန် YAMAHA အင်ဂျင်စက်ပါလေထိုးစပိဘုတ် နှစ်စင်း၊ဆေးဖျန်းပုံး နှစ်ပုံးနှင့် အိမ်သုံးဆေးဝါးများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မန်းကျော်(အင်္ဂပူ)**

# ဂျပန်ကုန်တင် အာကာသယာဉ် လွှတ်တင်မှုကို ဩဂုတ် ၁၇ ရက်တွင် ထပ်မံပြုလုပ်ရန်စီစဉ်

**တိုကျို ဩဂုတ် ၁၆**

နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)သို့ ထောက်ပံ့ရေးပစ္စည်းများပေးပို့မည့် ဂျပန်ကုန်တင် အာကာသယာဉ် လွှတ်တင်မှုကို ဩဂုတ် ၁၇ ရက်တွင် ထပ်မံပြုလုပ်ရန် စီစဉ်ထားကြောင်း ဂျပန်လေကြောင်း အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီက ပြောကြားသည်။

အဆိုပါ အာကာသယာဉ်ကို ဩဂုတ် ၁၄ ရက်က လွှတ်တင်ရန် အစီအစဉ်ရှိခဲ့သော်လည်း ရာသီဥတု ဆိုးရွားနေမှုကြောင့် ရက်ရွှေ့ဆိုင်းခဲ့ရသည်။

ဩဂုတ် ၁၇ ရက်တွင် ကုန်တင် အာကာသယာဉ်ကို လွှတ်တင်နိုင်ရန် ထပ်မံကြိုးပမ်းဦးမည်ဖြစ်ကြောင်း၊ အကယ်၍ ရာသီဥတု ဆိုးရွားနေမည်ဆိုပါက ထပ်မံရက်ရွှေ့ဆိုင်းရဖွယ် ရှိကြောင်း ဂျပန်လေကြောင်း အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီနှင့် မစ်ဆူဘီရှိ အကြီးစား စက်မှုလုပ်ငန်း လီမိတက်တို့၏ ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။



နိုင်ငံတကာ အာကာသစခန်းယာဉ်သို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့သည့် အာကာသယာဉ်မှာ လူလိုက်ပါခြင်း မရှိသော အမှတ်(၅) H-IIB Launch Vehicle ဒုံးပျံယာဉ်ဖြင့် လွှတ်တင်မည့် H-II Transfer Vehicle ဖြစ်သည်။ ဂျပန်နိုင်ငံ တာနီဂါရှီးမား အာကာသစခန်းမှ လွှတ်တင်မည်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်ကို ကိုအူနိုတိုရီဟု ဂျပန်လိုခေါ်တွင်ပြီး ဂျပန်နိုင်ငံက သုတေသနပြုကာ တည်ထောင်ခဲ့သော ကုန်တင် အာကာသယာဉ်ဖြစ်သည်။

ယနေ့တွင် ဂျပန်၊ အမေရိကန်နှင့် ရုရှားနိုင်ငံတို့က နိုင်ငံတကာအာကာသ စခန်းယာဉ်ရှိ အာကာသယာဉ်မှူးများ အတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးပို့သည့် လုပ်ငန်းကိုဆောင်ရွက် လျက်ရှိကြသည်။

ကိုအူနိုတိုရီ ကုန်တင်အာကာသယာဉ်သည် အာကာသအတွင်းသို့ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့နိုင်သော ကမ္ဘာ့ထိပ်တန်း ကုန်တင် အာကာသယာဉ်ဖြစ်သည်။

**ဆင်ဟွာ။**

## အတိတ်ကာလ ချူလုပ်ရှားမှု မှတ်တမ်းများ အိုင်အေအီးအေသို့ အီရန်လွှဲပြောင်းပေးအပ်

**တီဟီရန် ဩဂုတ် ၁၆**

အီရန်နိုင်ငံသည် ယင်း၏ အတိတ်ကာလ နျူကလီးယား လှုပ်ရှားဆောင်ရွက်ချက်များနှင့် သက်ဆိုင်နေသော စာလွှာစာတမ်းများကို နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ) သို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း အီရန် အဏုမြူစွမ်းအင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဘီရုကာမန် ဗန်ဒီက ပြောကြားသည်။

အိုင်အေအီးအေနှင့် သဘောတူညီမှုရရှိခဲ့သည့်အတိုင်း အတိတ်ကာလ နျူကလီးယား လှုပ်ရှားဆောင်ရွက်ချက်များနှင့် သက်ဆိုင်နေသော စာလွှာစာတမ်းများကိုလည်းကောင်း၊ အိုင်အေအီးအေ၏ မေးမြန်းချက်များအား ဖြေဆိုထားသည့် စာလွှာစာတမ်းများကိုလည်းကောင်း မိမိတို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း ဘီရုကာမန်ဗန်ဒီ၏ ပြောကြားချက်ကို ကိုးကားလျက် နိုင်ငံပိုင် သတင်းအေဂျင်စီက သတင်းထုတ်ပြန်သည်။

နျူကလီးယား နည်းပညာ သုတေသနလုပ်ငန်းကို စစ်ရေးရည်မှန်းချက်အရ အသုံးပြုခဲ့ခြင်းရှိ၊ မရှိ အီရန်နိုင်ငံက ရှင်းလင်းတင်ပြဖွယ်ရှိပြီး အိုင်အေအီးအေနှင့် ရရှိခဲ့သော သဘောတူညီချက်ကို လျှို့ဝှက်အဆင့် သတ်မှတ်ထားသည်။

အီရန်နိုင်ငံနှင့် ရရှိခဲ့သော သဘောတူညီချက်၏ မိတ္တူတစ်စောင်ကို အမေရိကန် ကွန်ဂရက် လွှတ်တော်ထံ လွှဲပြောင်းပေးအပ်ရန် တောင်းဆိုမှုကို အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ယူကီယာအမာနိုက ငြင်းဆိုခဲ့ခြင်းအတွက် မိမိတို့က ကျေးဇူးတင်ရှိကြောင်း ကာမန်ဗန်ဒီက ပြောကြားသည်။ **ဆင်ဟွာ။**



## အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီ အာရပ်စော်ဘွားများပြည်ထောင်စုသို့ ရောက်ရှိ

**အဘူဒါဘီ ဩဂုတ် ၁၆**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့သို့ ဩဂုတ် ၁၆ ရက်တွင် ရောက်ရှိလာကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဝန်ကြီးချုပ် မိုဒီသည် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) ၌ နှစ်ရက်ကြာနေထိုင်မည်ဖြစ်သည်။ မိုဒီ၏ ခရီးစဉ်သည် အိန္ဒိယနှင့် ယူအေအီးအကြား စွမ်းအင်နှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ရည်ရွယ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ယူအေအီးသို့ အိန္ဒိယအစိုးရ ခေါင်းဆောင်တစ်ဦး ချစ်ကြည်ရေး ခရီးလာရောက်ခြင်းမှာ (၃၄)နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ်သည် အဘူဒါဘီ အိမ်ရှေ့မင်းသား ရှိတ်မိုဟာမက်ဘင် ဇေယီအယ်လ်နာယန်၊ ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်နှင့် ဒူဘိုင်းစော်ဘွားတို့အား တွေ့ဆုံမည်ဖြစ်သည်။ ပင်လယ်ကွေ့ဒေသရှိ ယူအေအီးနိုင်ငံ၌ အိန္ဒိယနိုင်ငံသား ၂ ဒသမ ၆ သန်းခန့်နေထိုင်ပြီး အိန္ဒိယကုမ္ပဏီ ၄၅၀၀၀ ခန့် ယင်းနိုင်ငံ၌ လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

**ဆင်ဟွာ။**

## ထျန်ကျင်းမြို့ ပေါက်ကွဲမှု သေဆုံးသူမြင့်တက်

**ထျန်ကျင်း ဩဂုတ် ၁၆**

တရုတ်နိုင်ငံမြောက်ပိုင်း ထျန်ကျင်းမြို့ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၁၁၄ ဦးထိ မြင့်တက်ခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင် ၈၅ ဦးအပါအဝင် ၉၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ဩဂုတ် ၁၆ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုများကြောင့် သေဆုံးသူ ၁၀၄ ဦးရှိသည်ဟု ကြေညာပြီးနောက် ဩဂုတ် ၁၅ ရက်တွင် နောက်ထပ် ၁၀ ဦးခန့် ထပ်မံသေဆုံးခဲ့ကြောင်း ထျန်ကျင်းမြို့ ပြည်သူ့ရေးရာဌာန ဒုတိယအကြီးအကဲ ဂုံးဂျန်ရှန်က ဆိုသည်။

ပျောက်ဆုံးလျက်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင်များအနက် ၁၃ ဦးသည် တက်ကြွလှုပ်ရှားအဖွဲ့မှဖြစ်ပြီး ကျန် ၇၂ ဦးသည် ထျန်ကျင်းဆိပ်ကမ်းအုပ်စု ကုမ္ပဏီမှဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၁၂ ရက်က မီးလောင်မှုဖြစ်ပွားပြီးနောက် ည ၁၁ နာရီခွဲခန့်တွင် ကျန်းမာရေး ဘေးဥပဒ်ဖြစ်စေသော ဓာတုဆေးဝါးများထည့်ထားသည့် သိုလှောင်ရုံတစ်ခုတွင် ပေါက်ကွဲမှုနှစ်ရပ် ဖြစ်ပွားခဲ့သည်။

ကယ်ဆယ်ရေးလုပ်သား ၂၀၀၀ ကျော်က ပေါက်ကွဲမှုမြေနေရာများတွင် ဆိုင်ယာနိုက်အဆိပ် တန်ပေါင်းများစွာနှင့် ကျန်းမာရေး ဘေးဥပဒ်စေနိုင်သည့် ဓာတုဆေးဝါးများကို ရှင်းလင်းရေးများ လုပ်ဆောင်လျက်ရှိသည်။ ရှင်းလင်းမှုများ လုပ်ဆောင်နေစဉ် မဂ္ဂနီဆီယမ်ဒြပ်စင်နှင့် ကန့်အပါအဝင် အခြားသော ဓာတုဆေးဝါးများ အနီးဝန်းကျင်ရှိ အဆောက်အအုံများ၏ ကောင်းကင်ယံတွင် ပျံ့နှံ့လျက်ရှိသည်ကို တပ်မတော် ဓာတုဆေးဝါး ကျွမ်းကျင်ပညာရှင်များက တွေ့ရှိခဲ့သည်။

ယခုအချိန်ထိ ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများတွင် စိုးရိမ်ရသည့် အခြေအနေ ၅၇ ဦး အပါအဝင် ၆၉၈ ဦးရှိပြီး ၇၇ ဦး ဆေးရုံမှ ပြန်လည်ဆင်းသွားခဲ့ကြောင်း သိရသည်။ ဆရာဝန် ၂၀၀၀ ကျော်နှင့် ကျန်းမာရေးလုပ်သား ၄၀၀၀ ကျော်တို့က ဒဏ်ရာရသူများကို ဆေးကုသမှုများ ပေးလျက်ရှိသည်။ **ဆင်ဟွာ။**

## အင်ဒိုနီးရှားလေယာဉ်ပျက်ကျ လေယာဉ်ပေါ်ပါသူများ အသက်ရှင်ဖွယ်မရှိ

**ဂျကာတာ ဩဂုတ် ၁၆**

ကလေးငါးဦးအပါအဝင် ခရီးသည် ၄၉ ဦးနှင့် လေယာဉ်အမှုထမ်း ငါးဦး စီးနင်းလိုက်ပါသော Trigana Air လေကြောင်းလိုင်းမှ အေတီအာ-၄၂ လေယာဉ်သည် ယနေ့စောစောပိုင်းက ပျောက်ဆုံးသွားခဲ့ပြီးနောက် နာရီများစွာအကြာတွင် ဝေးလံခေါင်ဖျားပြီး တောတောင်ထူထပ်သည့် အင်ဒိုနီးရှားနိုင်ငံ ပါပူအာ အရှေ့ပိုင်းဒေသတွင် ပျက်ကျသွားခဲ့ကြောင်း အဆိုပါ လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားသည်။

အဆိုပါလေယာဉ်သည် ပါပူအာ ပြည်နယ် ဂျာရာပူရာမြို့တော် ဆန်တာနီလေဆိပ်မှ ထွက်ခွာလာပြီး သွားရောက်မည့် အော့ဘ်ဆီဘီမြို့သို့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၄ မိနစ်တွင် ရောက်ရှိမည်ဟု ခန့်မှန်းရသည်။ လေယာဉ်သည် ပျံတက်ပြီး မိနစ် ၄၀ ခန့်အကြာတွင် လေဆိပ်နှင့် အဆက်အသွယ် ပြတ်တောက်သွားသဖြင့် အဆိုပါ လေယာဉ်လိုင်းမှ အခြားလေယာဉ်တစ်စင်းကို စေလွှတ်ကာ ရှာဖွေမှုများ ပြုလုပ်ခဲ့သည်။ သို့သော်လည်း ရာသီဥတုဆိုးရွားခြင်းကြောင့် ရှာဖွေမှုအထမမြောက်ခဲ့ပေ။

သို့သော်လည်း နာရီများစွာကြာသည့်အချိန်တွင် ပါပူအာဒေသရှိ ကျေးရွာသားများက လေယာဉ်တစ်စင်းပျက်ကျသွားသည်ဟု မြင်တွေ့ခဲ့ရကြောင်း၊ လေယာဉ်ပျက်ကျသည်ဟုဆိုသော အော့ဘ်ဆီဘီ ခရိုင်သို့ စစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရှာဖွေရေးအဖွဲ့ဝင်များ သွားရောက်ရှာဖွေစစ်ဆေးရာ လေယာဉ်ပျက်ကျသည်ကို အတည်ပြုနိုင်ခဲ့ကြောင်း ရိုက်တာသတင်းများ၌ ရေးသားဖော်ပြထားသည်။ ဒေသခံများ၏ ပြောကြားချက်အရ လေယာဉ်သည် ပျက်မကျမီ ခပ်နိမ့်နိမ့်ပျံသန်းခဲ့ရာမှ တောင်နှင့် တိုက်မိကာ ပျက်ကျခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။

**(ရိုက်တာ)**

❖



## ရှောက်ကုန်းကျေးရွာမုံ့နဝင်းချောင်းကူးကြိုးတံတား ဆောက်လုပ်ပြီးစီး



**တပ်ကုန်း ဩဂုတ် ၁၆**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအရှေ့ဘက် မုံ့ချောင်းနှင့် နဝင်းချောင်းပေါင်းဆုံသည့် မုံ့နဝင်းချောင်းကူး လူကူးကြိုးတံတားကို ဆွစ်ဇာလန်နိုင်ငံမှ လှူဒါန်းမှုနှင့် ဒေသခံစေတနာရှင်များစုပေါင်းလှူဒါန်းသည့် ဩဂုတ် ၆ ရက်က အသေးစိတ်လုပ်ငန်းအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ယခုအခါဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားမှာ ဒေါက်တိုင်နှစ်ခု၊ သံပေါင် ၂၆ ခု၊ ကြိုးသေးကိုးခွေ၊ ဆိုင်းကြိုးနှစ်ချောင်း၊ သံပြား ၂၅ ချပ်နှင့် ကျောက်၊ သဲ၊ ဘိလပ်မြေများဖြင့် အလျားပေ ၁၅၀၊ အကျယ် ငါးပေရှိ ကြိုးတံတားအား ဧပြီ ၂၉ ရက်ကစတင်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ အဆိုပါတံတားပေါ် ဖြတ်သန်းသွားလာကြမည့် နောင်ဘို့အိုး၊ လက်ပန်ပု၊ သရက်အုပ်၊ သပြေကုန်း၊ ကြို့ကုန်း၊ မကျီးကုန်း၊ လက်ပန်ကုန်းကျေးရွာများရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

# အမရပူရမြို့နယ် တောင်သမန်အင်း၌ ငါးများထပ်မံသေဆုံးမှုမှာ အူလမ်းကြောင်းပိတ်ခြင်းကြောင့်ဖြစ်

**မန္တလေး ဩဂုတ် ၁၆**

တောင်သမန်အင်းတွင် ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ၄ လက်မမှ ၆ လက်မ အရွယ် ငါးငယ်အချို့ရေပြင်တွင်သေဆုံးမှု များတွေ့ရခြင်းမှာအင်းရေအရည်အသွေးကျဆင်း၍ ငါးရောဂါကြောင့်သေဆုံးခြင်း မဟုတ်ဘဲ မြစ်ရေများဝင်ရောက်ပြီး တင်ကျန်ခဲ့သော အညစ်အကြေးများစားသုံးမိကာ အူလမ်းကြောင်းပိတ် သေဆုံးခြင်းဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာန နတ်ရေကန် ငါးလုပ်ငန်းစခန်းရှိ ရေထွက်ပစ္စည်းအရည်အသွေးစစ်ဆေးရေး (ဓာတ်ခွဲခန်း)မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

တောင်သမန်ရွာအနီးအင်းအရှေ့ခြမ်း ယာဉ်များဆေးကြောသော အညစ်အကြေးများစားသုံးမိခြင်းကြောင့်ငါးငယ်များ အင်းအရှေ့ခြမ်းဈေးဆိုင်တန်းဝန်းကျင်ရေပြင်တွင် သေဆုံးမှုအနည်းငယ်တွေ့ရှိကြောင်း၊ ငါးငယ်များသေဆုံးမှုနှင့်ပတ်သက်၍ယင်းက ဆက်လက်ပြောကြားခဲ့သည်။

မန္တလေးခရိုင် အမရပူရမြို့နယ် တောင်သမန်အင်းအတွင်းတွင် ရေနေသတ္တဝါငါးမျိုးစိတ် ၂၀ ကျော် နေထိုင်ကျက်စား သဘာဝအလျောက်တည်ရှိပြီး ငါးမျိုးစိတ်များနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးကြင်းဖြူ၊ ရွှေဝါငါးကြင်း၊ ငါးခေါင်းပွ၊ တီလားဗီးယား ငါးမျိုးများ စိုက်ထည့်ပြီးငါးသယံဇာတများတိုးပွားစေရေးအတွက် မွေးမြူထားသည်။

မန္တလေးခရိုင် အမရပူရမြို့နယ် တောင်သမန်အင်းအတွင်း ဩဂုတ်လဆန်းမှစတင်ကာ အင်းအတွင်း ဧရာဝတီမြစ်ရေဝင်ရောက်မှုများပြားပြီး ရေဝင်ရေလဲမှုများရှိကာ ရေနေသတ္တဝါများအတွက် ဂေဟစနစ်များ ကောင်းမွန်ကြောင်း၊ ရေနေသတ္တဝါငါးများရှင်သန်ရေးအတွက်အရေးပါသောရေချဉ်ဖန်နှုန်း (PH) ၄အထက်ရှိခြင်း၊ ထုံးဓာတ်ပါဝင်မှု၊ အောက်စီဂျင်ပါဝင်နှုန်း ကောင်းမွန်ခြင်းတို့ကြောင့်အင်းရေပြင်သည် ရေနေသတ္တဝါများရှင်သန်နိုင်ရေး စံညွှန်းများအတိုင်းရှိနေကြောင်းတာဝန်ရှိသူတစ်ဦးကပြောသည်။

တောင်သမန်အင်းအတွင်း ရေဝင်ရေထွက်ကောင်းမွန်စေရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ လုပ်သားများကလည်းအမရပူရမြို့နယ် တောင်သမန်ကျေးရွာအရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ဈေးဆိုင်တန်းများတွင် အင်းအတွင်း ကြွပ်ကြွပ်အိတ်နှင့်အမှိုက်များကင်းစင်ရေး နေ့စဉ်အလေးထားဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် တောင်သမန်အင်းအတွင်းဝင်ရောက်သော ငွေတော်ချောင်း၊ လက်ခုတ်ပင်ချောင်းလက်တက်များတွင်လည်း စက်ရုံနှင့်မော်တော်ယာဉ်ဌာနက စက်ယန္တရားများဖြင့် အင်းရေသန့်ရှင်းရေးများဆောင်ရွက်သည်။

ဆက်လက်၍ ဘုံးအိုးကျေးရွာရေလုပ်သားကိုကျော်မြင့်ကလည်း ငါးဖမ်းပိုက်များဖြင့် အင်းအတွင်းခိုးချထားရာမှ ငါးဖမ်းပိုက်မဖော်နိုင်သဖြင့် ငါးနှင့်ပိုက်လုံးထွေးကာ လေတိုက်ပြီး ငါးဖမ်းပိုက်ပြုတ်ထွက်ပြီး ပိုက်အတွင်းသေနေသည့်ငါးများ ရေပေါ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ရေဆိုးများဝင်လာပါက ငါးများအစုအပြုံလိုက် သေဆုံးမည်ဖြစ်ကြောင်း ရှင်းလင်းပြောပြသည်။

**မောင်ပြည်သူ(မန္တလေး)**

## ပျက်စီးစိုက်ခင်းများအတွက် ကျပ်သန်းပေါင်း ၁၀၁ ဒသမ ၅၁၄ သန်း ထောက်ပံ့

**ကန့်ဘလူ ဩဂုတ် ၁၆**

ကန့်ဘလူမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်း၊ ပျိုးခင်းများအတွက် နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ရေးရန်ပုံငွေဖြင့် ရေကြီးနစ်မြုပ်မှု ဖြစ်ပွားခဲ့သည့် လယ်ယာမြေများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူကြသည်။

ကန့်ဘလူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ကျေးရွာအုပ်စု ၃၆ အုပ်စုမှ မိုးစပါးစိုက်ခင်း ၃၆၂၉ ဧကနှင့် မိုးစပါးပျိုးခင်း ၁၃၂၉ ဧက ပျက်စီးခဲ့ရာ နိုင်ငံတော်သမ္မတထောက်ပံ့ရေးရန်ပုံငွေဖြင့် ကျပ်သန်းပေါင်း ၁၀၁ ဒသမ ၅၁၄ သန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်မောင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဇူလိုင်လလယ်မှ မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေတိုက်စားမှုများကြောင့် လမ်း၊ တံတားများ၊ မိုးစပါးစိုက်ခင်းပျိုးခင်းများ ရေကြီးနစ်မြုပ်ပျက်စီးမှုများ ရှိခဲ့သည်။

အဆိုပါရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများကို သက်ဆိုင်ရာဌာနများက လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေရေးအတွက် ပြုပြင်ဆောင်ရွက်လျက်ရှိသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သတင်းတို

### လမ်းဦးစီးဌာနပိုင်လမ်းများ ရေနစ်မြုပ်

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီမှစ၍ ဒါးကမြစ်ရေမြင့်တက်မှုကြောင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင်လမ်းများ ရေနစ်မြုပ်မှုရှိခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် လမ်းများဖြစ်သော ပန်းတနော်-ကျောင်းကုန်းလမ်း၊ လပွတ္တာ-မြောင်းမြ၊ အိမ်မဲ-ကျောင်းကုန်းလမ်း၊ ကျုံပျော်လမ်း၊ ဟသ်ာတ-အသုတ်-ကျောင်းကုန်းလမ်း၊ပုသိမ်-မုံရွာလမ်းများ ရေနစ်မြုပ်လျက်ရှိကြောင်းနှင့် မော်တော် ကားများ ပုံမှန်သွားလာလျက်ရှိကြောင်းသိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

### နာရေးကူညီမှုအသင်း(ရန်ကုန်)မှ လာရောက်လှူဒါန်း

နာရေးကူညီမှုအသင်း(ရန်ကုန်)မှ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ထိန်တပင်ကျေးရွာရှိ ရေဘေးသင့်ပြည်သူများသို့ အစားအစာ၊ အဝတ်အထည်နှင့် လူသုံးကုန်စွည်းများ လာရောက်လှူဒါန်းခြင်းကို ဩဂုတ် ၁၄ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းနေ့က လှူဒါန်းပစ္စည်းများတွင် ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ Milo ဘူးများအပါအဝင် စုစုပေါင်းပစ္စည်း ၁၄ မျိုးခန့်ဖြစ်ပြီး ရေဘေးသင့်ပြည်သူများထံသို့ လှေများဖြင့် လိုက်လံလှူဒါန်းခဲ့ကြောင်း သိရသည်။ အဆိုပါကျေးရွာရှိ အိမ်၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းအားလုံးသို့ ရေများဝင်ရောက်ခဲ့သည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## သာယာဝတီခရိုင် မိုးညိုလမ်းပိုင်း ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးနေ၍ ပြုပြင်ရန် ဒေသခံများလိုလား

**မိုးညို ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်တွင် နတ်တလင်းမြို့နယ်အစပ် မယင်းငယ်ရွာနှင့် ရေအိုးစဉ်ကုန်းရွာအကြား နတ်တလင်း-တာပွန်-မိုးညိုမြို့နယ်သွားသောလမ်းပိုင်းသည် ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးနေ၍ ပြန်လည်ပြင်ဆင်ပေးရန် လိုလားလျက်ရှိကြောင်း ဒေသခံများက ပြောသည်။

မယင်းငယ်ရွာနေဒေသခံတစ်ဦးက "နတ်တလင်း-တာပွန်ကနေ မိုးညိုမြို့နယ်ဖြစ်တဲ့ မယင်းငယ်ရွာအထိ ကားလမ်းကောင်းမွန်နေသော်လည်း ရှေ့ဆက်ပြီး ရေဘေးအတွက် လှူဒါန်းဖို့သွားချင်ပေမယ့် လမ်းကသွားမရအောင်ပျက်နေတော့ အခက်အခဲတွေ ဖြစ်ရပါတယ်။ နယ်မြေခံလူတွေကလည်း မြို့ကိုသွားလာချင်သော်လည်း အခက်အခဲရှိနေတယ်။ အထူးသဖြင့် အရေးပေါ်ကျန်းမာရေးအတွက် ရင်လေးနေရတယ်။

ဒါကြောင့် ဒီလမ်းပြတ်ပျက်စီးနေတာအမြန်ဆုံးဆောင်ရွက်ပေးရင် ဒေသနေပြည်သူများနဲ့ရေဘေးသင့် ပြည်သူတွေကို လာရောက်လှူဒါန်းကြတဲ့ ရပ်ဝေးရပ်နီးအလှူရှင်တွေလည်းစိတ်ချမ်းသာကြပြီး လိုရာခရီးကို အချိန်တိုအတွင်းရောက်နိုင်မှာဖြစ်တယ်" ဟု အကြံပြုပြောပြသည်။

**(၀၇၁)**

## စဉ့်ကိုင်မြို့နယ်တွင် မြစိမ်းရောင်စီမံကိန်းဆိုင်ရာ သင်တန်းဖွင့်

**စဉ့်ကိုင် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူကြီးမှူး၍ ကျေးရွာ ၁၃ ရွာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းအတွက် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များအား စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ငွေစာရင်းထိန်းသိမ်းမှုသင်တန်းကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ငွေစာရင်းထိန်းသိမ်းမှုမှတ်တမ်းစာအုပ်များကို ကျေးရွာ ၁၃ ရွာမှ မြစိမ်းရောင်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံ ပေးအပ်ပြီး မြစိမ်းရောင်စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ ရန်ပုံငွေစာရင်းထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာများကို သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးဦးသိန်းစိုးနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ တက်ရောက်ခဲ့ကြသည်။

**ကြေးမုံ**

## ကျုံပျော်မြို့ရေဘေးသင့်ပြည်သူများအား ထမင်းချက်ပြုတ်ကျွေးမွေး

**ကျုံပျော် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား အနယ်နယ်အရပ်ရပ်ရှိ စေတနာရှင်ပြည်သူများက နေ့စဉ်ထောက်ပံ့လှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိရာ (အ.ထ.က) ကျုံပျော် ၁၉၈၀-၁၉၈၅ ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ဩဂုတ် ၁၄ ရက်က လျှော်ရွှေးလျှော်ထုတ်စက်ရုံ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအား ထမင်း၊ ဟင်းနှင့် အစားအသောက်များ ချက်ပြုတ်ကျွေးမွေး လှူဒါန်းခဲ့သည်။ အဆိုပါကယ်ဆယ်ရေးစခန်းတွင် ပင်လုံရပ်ကွက်၊ ခဲဘောင်နှင့် သံလျက်စွန်းရွာတို့ရှိ အိမ်ထောင်စု ၈၈ စုမှ ရေဘေးသင့်ပြည်သူ ၃၄၇ ဦး ရောက်ရှိလျက်ရှိပြီး ကျန်းမာရေး၊ နေထိုင်စားသောက်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို နေ့စဉ်စီမံဆောင်ရွက်ပေးလျက်ရှိသည်။ **နေဝင်းမြင့်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၁၀) ပတ္တမြားရပ်ကွက် ပြည်သူ့ဆေးရုံအနီးရှိလမ်းတွင် မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေများကျဆင်းသဖြင့် နုန်းမြေများတင်ကျန်ခဲ့ရာ ချောက်မြို့စည်ပင်သာယာရေးအဖွဲ့၊ နှင်းသဇင်ဆောက်လုပ်ရေးကုမ္ပဏီမှ GM ဗိုလ်ကြီးစောမြင့်(ငြိမ်း)နှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် နစ်ပေခန့်နုန်းမြေများ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခဲ့သည်။ သတင်းနှင့် ဓာတ်ပုံ - ဟန်လေး(ပြန်/ဆက်)

# မြန်မာရေဘေးနဲ့ မြန်မာ့စိတ်ဓာတ်

**သစ်တော်**

စာရေးသူအနေနဲ့ ခုချိန်မှာ ဘယ်အစိုးရကောင်းတယ်၊ ဘယ်အစိုးရမကောင်းဘူး၊ ဘယ်ပါတီအဖွဲ့အစည်းတွေကောင်းတယ်၊ ဘယ်ပါတီအဖွဲ့အစည်းတွေမကောင်းဘူးဆိုပြီး ဝေဖန်မသုံးသပ်ပါဘူး။ မိမိကိုယ်တိုင်လည်း မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းကမှ မဟုတ်ပါဘူး။ ဖြစ်ပေါ်ခဲ့တဲ့ ရေဘေးသင့်အချိန်တွေမှာ မြန်မာပြည်သူပြည်သားတွေရဲ့ ချစ်စရာကောင်းတဲ့ စိတ်ဓာတ်လေးတွေကို တွေ့မြင်ခဲ့ရတာကြောင့် ဤဆောင်းပါးလေး ရေးဖြစ်ခဲ့ခြင်းပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကျင်းပဖို့ နှစ်လကျော်၊ သုံးလခန့်သာ လိုတော့တဲ့အချိန်မှာ ဆိုင်ကလုန်းမုန်တိုင်းကိုမန်ရဲ့အရှိန်ကြောင့် ဧရာဝတီမြစ်နဲ့ ပန်းလှိုင်မြစ်တို့ စုပေါင်းဒီရေတက်မှုရဲ့ အကျိုးသက်ရောက်မှုနဲ့ မြန်မာနိုင်ငံအနှံ့အပြားမှာ ရေကြီးရေလျှံမှုတွေ ကြုံတွေ့ခဲ့ရတာ အားလုံးသိရှိခဲ့ရပြီးဖြစ်ပါတယ်။ ယခုဖြစ်ပေါ်ခဲ့တဲ့ ရေကြီးရေလျှံမှုတွေဟာ ယခင်ဖြစ်ပေါ်ခဲ့တဲ့ဖြစ်စဉ်တွေထက် ပိုမိုပြင်းထန်ခဲ့ပါတယ်။ ထိုဖြစ်စဉ်ကြောင့် လူပေါင်း နှစ်သိန်းကျော် ရေဘေးသင့်ခဲ့ရပြီး လူ ၁၀၀ခန့် သေဆုံးခဲ့ကြရပါတယ်။ ဒီရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေစဉ်အချိန်အတွင်း မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ မြန်မာပြည်သူတွေရဲ့ ချစ်စရာကောင်းတဲ့ စိတ်ဓာတ်ကလေးတွေကို စာရေးသူတွေ့ရှိခဲ့ရပါတယ်။

ကျွန်တော်တို့နေထိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးမှာ တိုင်းရင်းသားများအပါအဝင် အခြားအခြားသော လူမျိုးမတူ၊ ဘာသာမတူသူတွေလည်း ယှဉ်တွဲနေထိုင်လျက်ရှိကြပါတယ်။ ယခုလို ရင်ဆိုင်ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် လူတို့ရဲ့ စီးပွားဥစ္စာ၊ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုတွေအပြင် လူတို့ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေပါ ကျဆင်းသွားတတ်ကြပါတယ်။ ဖော်ပြချင်တာက ယခုဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုကာလအတွင်းမှာ အလွန်ချစ်စရာကောင်းတဲ့ မြန်မာပြည်သူတွေရဲ့ စေတနာ၊ ကရုဏာ၊ မုဒိတာ၊ ကိုယ်ချင်းစာစိတ်တွေကို ဂုဏ်ယူစွာသိရှိခွင့်ရလိုက်ခြင်းပဲ ဖြစ်ပါတယ်။

**ရင်ဆိုင်ခဲ့ရတဲ့ သဘာဝဘေးအန္တရာယ်တွေကြောင့် လူတို့ရဲ့စီးပွားဥစ္စာ၊ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးမှုတွေအပြင် လူတို့ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာတွေပါ ကျဆင်းသွားတတ်ကြပါတယ်။ ဖော်ပြချင်တာက ယခုဖြစ်ပွားခဲ့တဲ့ ရေကြီးရေလျှံမှုကာလအတွင်းမှာ အလွန်ချစ်စရာကောင်းတဲ့ မြန်မာပြည်သူတွေရဲ့ စေတနာ၊ ကရုဏာ၊ မုဒိတာ၊ ကိုယ်ချင်းစာစိတ်တွေကို ဂုဏ်ယူစွာသိရှိခွင့်ရလိုက်ခြင်းပဲ ဖြစ်ပါတယ်။**

ယင်းရေဘေးကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နဲ့ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်အချို့တွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့ရပါတယ်။ နိုင်ငံတော်သမ္မတရုံးကနေပြီးလည်း ဒီသဘာဝဘေးအန္တရာယ်ကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်တို့ကို ထိခိုက်ပျက်စီးမှုအများဆုံးဒေသများအဖြစ် ထုတ်ပြန်ခဲ့ပါတယ်။

ဒီလို ဘေးဆိုးဒုက္ခတွေကို မြန်မာပြည်အနှံ့အပြား၊ နိုင်ငံအနှံ့အပြား သိရှိထောက်ပံ့လှူဒါန်းနိုင်ရန် တာဝန်သိ ရဟန်းရှင်လူ လူကြီး၊ လူငယ် ပြည်သူအများက လူမှုကွန်ရက်တစ်ခုဖြစ်တဲ့ Facebook စာမျက်နှာတွေပေါ်မှာ Status တွေတင်၊ ရေဘေးသင့်ဒေသတွေရဲ့ ပုံရိပ် (Photo) တွေကို Sharing လုပ်ပြီး တတ်နိုင်သမျှ ဖြန့်ဝေပေးခြင်းဖြင့် ကုသိုလ်ယူခဲ့ကြတာကိုလည်း တွေ့မြင်ခဲ့ကြရမှာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ စမတ်ဖုန်းသုံးစွဲမှု လွန်စွာကြီးမားနေပါတယ်။ ဒါကို မြန်မာနိုင်ငံမှာ ICT အသုံးပြုမှုဆိုင်ရာ ပထမဆုံးစစ်တမ်းအရ မြန်မာနိုင်ငံတွင်း မိုဘိုင်းဖုန်းကိုင်ဆောင်သူတွေရဲ့ ၆၂ ရာခိုင်နှုန်းဟာ စမတ်ဖုန်းသုံးစွဲသူများဖြစ်ကြောင်း သိရပါတယ်။ ဒီလို စမတ်ဖုန်းသုံးစွဲမှု မြင့်မားခြင်းရဲ့ အကျိုးသက်ရောက်မှုကြောင့် ယခုရေဘေးမှာ ကံကောင်းတယ်လို့ ယူဆမိပါတယ်။ ကျေးရွာတော်တော်များများမှာ စမတ်ဖုန်းတွေ ကိုင်ဆောင်ထားတဲ့အတွက်ကြောင့် ရေဘေးမှာ ပိတ်မိနေတဲ့ပြည်သူတွေဟာ နီးစပ်ရာကို ဆက်သွယ်ကြ၊ Facebook မှတစ်ဆင့် Sharingတွေလုပ်ကြခြင်းကြောင့် အဆက်အသွယ်တွေရပြီး ကယ်ဆယ်ရေးသမားတွေ အချိန်မီရောက်ရှိလာခဲ့ကြတဲ့ ဒေသတွေလည်းရှိခဲ့ကြောင်း သိရပြန်ပါတယ်။ ကောင်းမွန်တဲ့ ရလဒ်လေး တစ်ခုပင်ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ယခုဖြစ်ပေါ်ခဲ့တဲ့ရေဘေးမှာ တပ်မတော်သားတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွေ၊ အရပ်ဘက်မှ လူ့အဖွဲ့အစည်းတွေ၊ အနုပညာရှင်တွေ၊ တာဝန်သိလူငယ်ပရဟိတအဖွဲ့တွေအားလုံးဟာ လက်ချင်းချိတ်၍ စာနာ၊ ကရုဏာများစွာနဲ့ ထောက်ပံ့ကူညီနေခဲ့ကြတာကိုလည်း မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်တဲ့ စာရေးသူအနေနဲ့ ဂုဏ်ယူလို့မဆုံးပါဘူး။ ပုဂ္ဂလိကနဲ့ အစိုးရထုတ်နေ့စဉ်သတင်းစာတွေ၊ အပတ်စဉ်ထုတ်ဂျာနယ်တွေ၊ ရုပ်သံလွှင့်ဌာနတွေကလည်း နိုင်ငံတော်ရဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ မီဒီယာများပီပီ "ဧရာဝတီမြစ်ရေကတော့ စိုးရိမ်ရေမှတ်ထက် ဘယ်နှပေကျော်နေပြီ"၊ "ဘယ်ခရိုင်၊ ဘယ်မြို့နယ်မှာတော့ ရေကြီးရေလျှံမှုကြောင့် လူဘယ်နှယောက်ခန့် ရေဘေးသင့်နေပြီ"၊ "ဘယ်တမံကတော့ ရေလျှံနေတာကြောင့် ဘယ်တာလမ်းကိုတော့ ရေကျော်နေပြီ" စသည်ဖြင့် ပြည်သူတွေသိရှိနိုင်ဖို့ ကြိုးစားဖော်ပြပေးခဲ့ကြတာကိုလည်း တွေ့ခဲ့ရပြန်ပါတယ်။

ဒါတင်မက လူသားချင်းစာနာထောက်ထားမှုရှိကြတဲ့ ပြည်ပနိုင်ငံတွေအနေနဲ့လည်း "မြန်မာပြည်ရေဘေး အမေရိကန်ထောက်ပံ့မည်"၊ "မြန်မာပြည်ရေဘေးဒုက္ခသည်များအား နော်ဝေကူညီမည်"၊ "မြန်မာအစိုးရတောင်းဆိုမှုကြောင့် ဂျပန်အစိုးရက ဒေါ်လာသိန်း ၁၅၀၀ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများလှူဒါန်း"၊ "အိန္ဒိယက မြန်မာရေဘေးကူညီရန် NDRF အဖွဲ့စေလွှတ်မည်"၊ "ဩစတြေးလျက မြန်မာရေဘေးအတွက် အကူအညီများပေးမည်"စသည်စသည်ဖြင့် မြန်မာပြည်သူတွေအတွက် ဝမ်းမြောက်ဖွယ်သတင်းတွေလည်း ဖတ်ရှုခဲ့ရပြန်ပါတယ်။

မြန်မာ့ဆက်သွယ်ရေးကွန်ရက်တစ်ခုဖြစ်တဲ့ Telenor ကလည်း ရာသီဥတုနဲ့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ အချက်အလက်တွေကို Telenor တပ်ဆင်သုံးစွဲနေတဲ့ပြည်သူတွေသိရှိနိုင်အောင် တစ်ဖက်တစ်လမ်းက ကူညီခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ အင်မတန်ကောင်းမွန်ထိရောက်တဲ့ ဝန်ဆောင်မှုတစ်ခုလို့ ထင်မြင်မိပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမှ မိုးလေဝသပညာရှင် ဦးထွန်းလွင်ကလည်း "တတ်သည့်ပညာမနေသာ"ဆိုသလို ၎င်းတတ်နိုင်တဲ့ဘက်ကနေပြီး ရာသီဥတုအခြေအနေတွေကို ကြိုတင်လေ့လာသုံးသပ်ပြီး ပြည်သူတွေသိရှိနိုင်ရန် Facebook၊ သတင်းစာ၊ ဂျာနယ်တွေမှတစ်ဆင့် ကုသိုလ်ပြုဖြေကြားပေးခဲ့တာကိုလည်း တွေ့ရပြန်ပါတယ်။

"ရေဘေးအတွက် အလှူခံပါတယ်"၊ "ရေဘေးသင့်ပြည်သူများအတွက် အလှူခံပါတယ်ရှင်"ဆိုတဲ့အသံတွေကလည်း မြန်မာပြည်ရှိ လမ်းဆုံလမ်းခွတွေ၊ မီးပွိုင့်တွေ၊ လူစည်ကားတဲ့ လမ်းမကြီးတွေ၊ Super Market ကြီးတွေရဲ့ရှေ့တွေ၊ နေရာမျိုးစုံတွေမှာ ခြိမ့်ခြိမ့်သဲနေတဲ့ တာဝန်သိလူငယ်ပရဟိတအဖွဲ့တွေ၊ အနုပညာရှင်တွေဟာ နေပူ၊ မိုးရွာမရှောင်ဘဲ မရှက်မကြောက် ကိုယ်ကျိုးစွန့်ပြီး အလှူခံပေးခဲ့ကြတာကိုလည်း ကြက်သီးထဖွယ်တွေ့ခဲ့ရပါတယ်။ ပို၍ပို၍ အံ့ဩမိသည်မှာ "ရွှေမင်းသား ဖောင်ဒေးရှင်း(မြန်မာ)"မသန်စွမ်းသူများအဖွဲ့ကလည်း မိမိတို့ရဲ့ ဘဝပေးအခြေအနေတွေကို အားမငယ်၊ ဂရုမထားဘဲ ချစ်စရာ၊ ဂုဏ်ယူစရာကောင်းတဲ့ မြန်မာလူမျိုးတို့ရဲ့ မြန်မာ့စိတ်ဓာတ်နဲ့ အလှူခံပေးနေကြတာကိုလည်း ပီတိဖြစ်ဖွယ် တွေ့မြင်ခဲ့ရပါတယ်။ ဒါတင်မက ပြည်ပရောက် မြန်မာအနုပညာရှင်၊ မြန်မာပြည်သူလူထုတွေက ချစ်စရာကောင်းတဲ့ မြန်မာစိတ်ဓာတ်တွေနဲ့ ၎င်းတို့ရောက်နေတဲ့နိုင်ငံတွေမှနေ၍ တတ်နိုင်သရွေ့ ရေဘေးသင့်ပြည်သူတွေအတွက် အလှူငွေတွေ ကောက်ခံပေးခဲ့ကြပါသေးတယ်။ ပို၍ ကြည်နူးဖွယ်ကောင်းသည်မှာ ပြည်ပနိုင်ငံသားအချို့ကလည်း မြန်မာရေဘေးသင့်ပြည်သူတွေအတွက် အမျိုးမျိုး အဖုံဖုံ တတ်နိုင်သရွေ့ ကူညီထောက်ပံ့နေကြတာကိုလည်း သိခဲ့ရပြန်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ယင်းကဲ့သို့သော သဘာဝဘေးမျိုးကို မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးများထံကိုမှ မကျရောက်စေလိုပါ။ ဒီလိုမကျရောက်စေဖို့အတွက်လည်း သစ်တောတွေ၊ ဒီရေတောတွေ၊ ဂေဟာစနစ်နဲ့ ဇီဝမျိုးကွဲစသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါတယ်။ ရာသီဥတုတွေ မပြောင်းလဲဖို့ လူသားတိုင်းမှာ တာဝန်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း သစ်တောမပြုန်းတီးရေးအတွက် ကြပ်မတ်ဆောင်ရွက်ရမှာလို့ ထင်မြင်မိပါတယ်။ မြန်မာနိုင်ငံရှိ သစ်တောများ မလျော့နည်းသွားရအောင် ပြည်သူနဲ့လက်တွဲကာ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ ပညာပေးဟောပြောပွဲများကျင်းပ၍ ကြပ်မတ်ဆောင်ရွက်သင့်တယ်လို့ ယူဆမိပါတယ်။ "ဥတုရာသီ တောကိုမှီ"ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ရာသီဥတုပြောင်းလဲမှုက သစ်တောပြုန်းတီးမှုများနဲ့ တိုက်ရိုက်ပတ်သက်နေပါတယ်။

နိဂုံးချုပ်အနေနဲ့ စာရေးသူတင်ပြလိုတာက ဖြစ်ခဲ့ပြီးတာတွေကိုထားခဲ့ပြီး ဆောင်ရွက်နေတဲ့ ရေဘေးသင့်ပြည်သူတွေရဲ့ ကယ်ဆယ်ရေးစခန်းတွေ အဆင်ပြေအောင်၊ သွားလာရခက်ခဲတဲ့နေရာတွေမှာ အလှူရှင်တွေသွားလာရေး လွယ်ကူချောမွေ့စေဖို့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေနဲ့ ဝိုင်းဝန်းကူညီလက်တွဲ၍ ကူညီဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ နောက်ပိုင်း ပြန်လည်ထူထောင်ရေးကာလတွေမှာ အဆင်ပြေစွာနဲ့ အမြန်ဆုံးပြန်လည်ထူထောင်နိုင်ရန် အစိုးရနဲ့ပြည်သူလက်တွဲကူ၍ ကြိုးစားဆောင်ရွက်ကြခြင်းဖြင့် စာရေးသူမှတ်သားမိတဲ့ စာစုလေးကို ဖော်ပြလိုက်ပါတယ်။

အခက်ဆိုရင် ချိုးပစ်လိုက်
အခဲဆိုရင် ဝါးစားပစ်လိုက်
အခက်အခဲဆိုတာ. . .
ချိုးဖို့၊
ဝါးဖို့၊
စားဖို့၊
ရင်ဆိုင်ဖို့. . .။

(ကမ္ဘာကြီး သဘာဝဘေးအန္တရာယ်မှ ကင်းကြပါစေ)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက အသက်ကယ်စက်လှေများလှူဒါန်း



**ရန်ကုန် ဩဂုတ် ၁၆**

မြန်မာနိုင်ငံအတွင်းရှိ ရေဘေးသင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အသက်ကယ်စက်လှေအစင်း ၁၀၀ ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်က ယမန်နေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က လက်ခံသည်။

အဆိုပါ အသက်ကယ်စက်လှေအစင်း ၁၀၀ ကို မြန်မာနိုင်ငံတစ်ဝန်းရေဘေးသင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲပေးပို့ အသုံးပြုနိုင်ရေး မြန်မာနိုင်ငံအမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စက်လှေများသည် တရုတ်နိုင်ငံထုတ် ဓာတ်ဆီအင်ဂျင်အမျိုးအစားဖြစ်ပြီး ယမန်နေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေကြောင်းဖြင့် ရောက်ရှိလာသည်။**(ယာပုံ)** အသက်ကယ်လှေတစ်စင်းလျှင် လူ ၁၀ ဦးခန့် စီးနင်းလိုက်ပါနိုင်ကာ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၌ အသုံးပြုမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာပြည်အနှံ့အပြားရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၆**

ကမ္ဘောဇအနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ ဦးဆောင်မှုဖြင့် ဒါရိုက်တာ ဒေါ်နန်းမိုဟွမ် ဦးဆောင်သော ဖောင်ဒေးရှင်း အဖွဲ့ဝင်များသည် ကမ္ဘောဇကုမ္ပဏီများအုပ်စု၏ ကုမ္ပဏီဖြစ်သည့် ရွှေဂုံတိုင်အထူးကု ဆေးရုံ (SSC Hospital)မှ အထူးကု ဆရာဝန်၊ ဆရာမများနှင့်ပူးပေါင်း၍ ရေဘေးသင့်ဒေသများတွင် ကျန်းမာရေး စောင့်ရှောက်မှုများအား စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ဩဂုတ် ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်နှင့်အနီးတစ်ဝိုက်ရှိ ကျေးရွာပေါင်း ၁၈ ရွာမှ ဒေသခံရေဘေးသင့်ပြည်သူပေါင်း ၂၇၀ အား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ မြွေဆိပ်ဖြေဆေးများလှူဒါန်းခြင်းနှင့် အခြားဆေးဝါးများ လှူဒါန်းခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အကူအညီများပေးခြင်း၊ အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ကျေးလက်နေ အမျိုးသမီးများ၏ ကျန်းမာရေးအတွက် အခမဲ့ဖြန့်ဝေလျက်ရှိသော လုံမဒီအမျိုးသမီးသုံးပစ္စည်းများ လှူဒါန်းခြင်းနှင့် အခြားလိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဩဂုတ် ၁၃ ရက်တွင်လည်း အဆိုပါ ကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးကြသည်။ ထို့ပြင် ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ ဆား၊ ဆေး၊ ငါးသေတ္တာ၊ ဖယောင်းတိုင်၊ မီးခြစ်၊ ခေါက်ဆွဲခြောက်၊ တစ်ရှူးလိပ် ပစ္စည်းကိုးမျိုးပါဝင်သော လှူဒါန်းပစ္စည်းအိတ်များ၊ ဆန်လေးပြည်ပါအိတ်များ၊ အိုးခွက်ပန်းကန်များ၊ အဝတ်အထည်များနှင့် ရေသန့်ဆေးပြားများကို ပေးအပ်လှူဒါန်းကြသည်။

ထို့အပြင် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် အနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူများသည် တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ရှိ ကျေးရွာခြောက်ရွာတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် နေအိမ်မျောပါ၊ ယိုင်လဲခဲ့သည့် အိမ်ထောင်စု စုစုပေါင်း ၇၄ စုအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅ သိန်းနှုန်းဖြင့် ကျပ်သိန်းပေါင်း ၃၇၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မြန်မာပြည်အနှံ့အပြားရှိ ရေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများနှင့် လှူဒါန်းငွေများ အပါအဝင် ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ယနေ့ထိ စုစုပေါင်း ကျပ်သိန်းပေါင်း ၄၅၀၀၀ ကျော်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**




မြန်မာနိုင်ငံတစ်ဝန်းရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၁၀၀ တိတိကို ဂျပန်နိုင်ငံ Daiwa Securities Group မှ Mr. Inami က ဩဂုတ် ၁၅ ရက်တွင် မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သို့ ပေးအပ်လှူဒါန်းရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း လက်ခံယူစဉ်။ (ကြေးမုံ)

# အလှူငွေနှင့်ပစ္စည်းများ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ရန် မေတ္တာရပ်ခံနိုးဆော်ထား

နေပြည်တော် ဩဂုတ် ၁၆

**ရေဘေးသင့်စာသင်ကျောင်းများ ပြန်လည်ထူထောင်ရေးနှင့် ကျောင်းသား ကျောင်းသူများအတွက် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် အလှူငွေနှင့် ပစ္စည်းများစာရင်းကို ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ကြိုတင်ဆက်သွယ်အကြောင်းကြားပေးကြရန် ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံနိုးဆော်ထားသည်-**

(က) ဦးဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ၀၉-၈၃၀၆၇၃၃၊ ၀၆၇-၄၀၇၆၈၄။
(ခ) ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ပညာ)၊ ၀၉-၅၆၆၁၁၄၈၊၀၆၇-၄၀၇၆၉၀။
(ဂ) ဒေါ်ဝင်းဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ၀၉-၄၂၀၁၃၃၁၆၉၊၀၆၇-၄၀၇၃၉၂။
(ဃ) ဒေါက်တာဥမ္မာသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ၀၉-၅၁၇၉၉၅၀၊၀၆၇-၄၀၇၆၉၀။

စေတနာရှင်ပြည်သူများအနေဖြင့် လှူဒါန်းနိုင်သောအဆောက်အအုံ၊ ပရိဘောဂပစ္စည်း၊ စာရေးကိရိယာ အမျိုးအစားနှင့် ဈေးနှုန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်း သိရသည်-

**အဆောက်အအုံ**

(က) မူလတန်းကျောင်းဆောင် ပေ(၆၀ × ၃၀) ခြေတံရှည် (၈ပေ) RC - သိန်း ၄၀၀
(ခ) မူလတန်းလွန်ကျောင်းဆောင် ပေ(၉၀ × ၃၀) ခြေတံရှည် (၈ပေ) RC - သိန်း ၆၀၀
(ဂ) အလယ်တန်းကျောင်းဆောင် ပေ(၁၂၀ × ၃၀) ခြေတံရှည် (၈ပေ) RC - သိန်း ၈၀၀

**ပရိဘောဂပစ္စည်း**

(ဃ) အထက်တန်း/အလယ်တန်းဆင့်သုံး ပလတ်စတစ်စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ -၂၆၇၇၅ ကျပ်
(င) အထက်တန်း/အလယ်တန်းဆင့်သုံး လေးယောက်တွဲသစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ - ၄၃၀၀၀ ကျပ်
(စ) မူလတန်းဆင့်သုံး လေးယောက်တွဲသစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ - ၃၈၇၀၀ ကျပ်
(ဆ) မူလတန်းဆင့်သုံး ပလတ်စတစ်စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ - ၂၃၁၀၀ ကျပ်
(ဇ) မူလတန်းဆင့်သုံး ပလတ်စတစ်နှစ်ယောက်တွဲစာရေးစားပွဲနှင့် ထိုင်ခုံနှစ်လုံး (၁)စုံ - ၁၁၅၅၀ ကျပ်

**စာရေးကိရိယာ**

(ဈ) ဗလာစာအုပ် (၁)ဒါဇင် - ၁၅၀၀ ကျပ်
(ည) ခဲတံ (၁)ဒါဇင် - ၈၅၀ ကျပ်
(ဋ) ဘောပင် (၁)ဒါဇင် - ၁၂၀၀ ကျပ်
(ဌ) ခဲဖျက် (၁)ဒါဇင် - ၅၄၀ ကျပ်
(ဍ) ချွန်စက် (၁)ဒါဇင် - ၈၄၀ ကျပ်

**(သတင်းစဉ်)**

# မိုးကောင်းမြို့နယ်၌ ရေနစ်မြုပ်ပျက်စီးသွားသော လယ်မြေများ ပြန်လည်စိုက်ပျိုးရေး ဆောင်ရွက်ပေးလျက်ရှိ

**မြစ်ကြီးနား ဩဂုတ် ၁၆**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ဇူလိုင်လအတွင်းက ရေကြီးနစ်မြုပ်ပျက်စီးသွားသော ကျေးရွာအုပ်စု ၂၀ မှ တောင်သူပေါင်း ၁၃၅၁ ဦး၏ ကွင်းပေါင်း ၉၀ တွင် လယ်ယာမြေ ၈၂၈၉ ဒသမ ၁၄ ဧက ပျက်စီးခဲ့ရာ အဆိုပါလယ်ယာမြေများကို ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အချိန်မီထွန်ယက် စိုက်ပျိုးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ငါးဖွဲ့ ဖွဲ့စည်းပြီး နေ့စဉ်ကျေးရွာများတွင် ကွင်းဆင်း၍ လယ်ယာမြေစာရင်းကောက်ယူခြင်း၊ ပြန်လည်ထွန်ယက်စိုက်ပျိုးနိုင်ရေးနှင့် မျိုးစပါးများ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လယ်ယာမြေများ ပြန်လည်ထွန်ယက်စိုက်ပျိုးရေးအတွက် ဩဂုတ် ၅ ရက်မှ ၁၅ ရက်အထိ လွဲလော၊ ကြာအင်း၊ လွဲဆွန်း၊ မန်ပင်၊ ထိုပူး၊ အောင်သာ၊ ဆားမော်ကျေးရွာများတွင် တောင်သူ ၁၃၁ ဦး၏ လယ်မြေ ၇၈၃ ဒသမ ၅ ဧကအတွက် မျိုးစပါးတင်းပေါင်း ၆၅၁ ဒသမ ၂၅ တင်း စိုက်ထုတ်ပေးနိုင်ခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာနမှ SONARLIKA (90 Hp) လယ်ထွန်စက် ၁၅ စီးဖြင့် တောင်သူ ၁၉ ဦး၏ လယ် ၁၆၁ ဧကကို အချိန်မီထွန်ယက်ပြီးစီးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**





လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနရုံးချုပ်၏ အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ရေဘေးသင့်လယ်ယာမြေများတွင် မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေး အခမဲ့ မြေပြုပြင်ပေးခြင်းဆောင်ရွက်ရာတွင် ထွန်စက်ကြီးများနှင့် တွဲဖက်တပ်ဆင်အသုံးပြုမည့် နှစ်တန်းသွားစက်တုံးများကို အမှတ်(၁)ပင်မစက်ပြင်အလုပ်ရုံ (ကျိုက္ကလို့) မဂ်လာဒုံစက်ရုံမှူးဦးကျော်ဝေ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပြုပြင်ပေးပြီး ရန်ကုန်မှ ပွင့်ဖြူမြို့သို့ ပို့ဆောင်ရန် ဩဂုတ် ၁၅ ရက်က ကားများပေါ်သို့ တင်ဆောင်နေစဉ်။ (ဝင်းမင်း)

## ကူညီထောက်ပံ့မှုများ

### စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ မန္တလေးမြို့မှ မုံရွာမြို့သို့ မော်တော်ယာဉ်ဖြင့်ပို့ဆောင်

နေပြည်တော် ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲ ပြည်သူ့အစိုးရမှ လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပါဝင်သည့် ထောက်ပံ့ရေးပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့ အင်းဝဂိုဒေါင်မှ ကုန်းလမ်းပို့ဆောင်ရေးပိုင် မော်တော်ယာဉ် ၁၀ စီးဖြင့် မုံရွာမြို့သို့ ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးနှင့်လမ်းကြောင်းရှင်းလင်းရေးဆပ်ကော်မတီနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



### ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။

### ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှလေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေသုံးခေါက်ဖြင့် အဝတ်အထည်၊ ဆေး၊ ဆန်အိတ်၊ ဖိနပ်၊ သက်န်းအိတ်၊ အဝတ်အစား၊ စားသောက်ကုန်၊ ဘီစကွတ်၊ ခေါက်ဆွဲခြောက်၊ လူသုံးကုန်ပစ္စည်း၊ ဆန်အိတ်(ပိုင်းဝက်)၊ မိုးကာလိပ်နှင့် ပိတ်လိပ်များကို ပေးပို့လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၆ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၆

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ရက်မှ ဩဂုတ် ၁၆ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၃၅၆၄၇၇ စုမှ လူဦးရေ ၁၅၅၆၁၂၅ ဦး ရေဘေးသင့်ခဲ့ပြီး ၁၀၇ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၃၈၅၇၆၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၅၀၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၂၂၇၃၃၇၄ နှင့် သေဆုံးမှုထောက်ပံ့ကြေးငွေကျပ် ၉၃၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၉၁၅၂၅၂၅၄ ပေးပို့ထောက်ပံ့ခဲ့သည်။

### လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၆-၈-၂၀၁၅)

| စဉ် | ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့်လူဦးရေ | သေဆုံး | ထောက်ပံ့မှု (ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၃၅၄၂ | ၆ | ၂၈၃၅၀၀၀ | ၂၈၃၅၈၄၀ | ၄၀၃၀၀၀၀၀ | ၁၃၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂။ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃။ | ကရင်ပြည်နယ် | - | ၇၂ | ၃၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၃၇၇၅၀ | - | - | ၁၂၉၉၆၃၄ | ၁၀၀၀၀၀ | ၁၉၃၇၃၈၄ | |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | **စုစုပေါင်း** | **၄၀၅** | **၂၁၄၆** | **၁၄၉၁၁** | **၇** | **၃၅၄၇၃၅၀** | **၃၇၉၂၇၈၀** | **၄၀၃၀၀၀၀၀** | **၁၅၇၀၅၅၈၀** | **၇၀၀၀၀၀** | **၆၄၀၄၅၇၁၀** | |
| ဇူလိုင်လ (၁၆) ရက်နေ့မှ ဩဂုတ်လ (၁၆)ရက်နေ့အထိ | | | | | | | | | | | | |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၅၆၁ | ၆၅၆၈၃ | ၃၅၄၀၉၂ | ၁၉ | ၃၉၈၇၃၁၅၀ | - | ၁၇၅၀၀၀၀ | ၅၅၂၇၄၀၆၀ | ၁၃၀၀၀၀၀ | ၉၈၁၉၇၂၁၀ | |
| ၂။ | ကချင်ပြည်နယ် | ၅၀ | ၁၁၄၅ | ၆၂၁၉ | ၁ | ၁၂၉၅၀၃၀၀ | - | ၂၅၀၀၀၀၀ | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၈၄၆၀၈၄၀ | |
| ၃။ | ရှမ်းပြည်နယ် | ၁၀၃ | ၁၄၆၂ | ၇၅၁၆ | ၉ | ၈၉၁၀၀ | - | ၁၀၀၀၀၀၀ | ၅၀၉၉၇၂၂ | ၅၀၀၀၀၀ | ၆၆၈၈၈၂၂ | |
| ၄။ | မန္တလေးတိုင်းဒေသကြီး | ၁၈၈ | ၃၆၆၈ | ၁၅၆၁၂ | ၁၂ | ၉၄၃၆၅၀၀ | - | ၄၉၀၀၀၀၀ | ၁၀၅၂၅၆၁၀ | ၁၁၀၀၀၀၀ | ၄၅၉၆၂၁၀၀ | |
| ၅။ | ချင်းပြည်နယ် | ၂၃၇၆ | ၂၈၈၇ | ၁၄၂၉၇ | ၅ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆။ | ရခိုင်ပြည်နယ် | ၁၀၄၈၅ | ၁၆၇၂၈ | ၉၈၀၂၆ | ၅၆ | - | - | - | ၇၀၄၀၃၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၃၆၉၄ | |
| ၇။ | ကရင်ပြည်နယ် | - | ၁၃၉၉ | ၇၃၂၅ | - | ၆၅၂၄၄၀၀ | ၇၂၉၃၄၅၀ | - | - | - | ၁၃၈၁၇၈၅၀ | |
| ၈။ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၀၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉။ | ပဲခူးတိုင်းဒေသကြီး | ၁၃၀ | ၄၄၉၅၆ | ၁၇၇၁၉၇ | ၂ | - | - | - | ၃၀၄၁၂၃၂၀ | - | ၃၀၄၁၂၃၂၀ | |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၄၆၄ | ၆၃၂၂၁ | ၃၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၇၃၅၂၆၅၀ | - | ၁၆၃၁၁၂၆၅၀ | |
| ၁၁။ | ဧရာဝတီတိုင်းဒေသကြီး | ၃၄၆ | ၁၁၈၉၀၉ | ၄၈၀၉၆၉ | ၃ | ၁၅၆၆၀၂၀၀ | - | ၄၀၀၀၀၀ | ၄၁၂၀၁၄၂၀ | - | ၅၇၂၆၁၆၂၀ | |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၁၆၆၂၃ | ၆၅၂၉၃ | ၁ | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | **စုစုပေါင်း** | **၁၅၇၃၀** | **၃၃၈၁၉၆** | **၁၅၄၁၂၁၄** | **၁၀၀** | **၉၀၃၁၀၃၀၀** | **၁၁၄၅၁၄၅၀** | **၁၁၀၅၀၀၀၀** | **၃၀၆၅၆၇၇၉၄** | **၈၆၀၀၀၀၀** | **၅၂၇၄၇၉၅၄၄** | |
| | **ဇွန်လ၊ဇူလိုင်လနှင့် ဩဂုတ်လ စုစုပေါင်း** | **၁၆၁၃၅** | **၃၄၀၃၄၂** | **၁၅၅၆၁၂၅** | **၁၀၇** | **၉၃၈၅၇၆၅၀** | **၁၅၂၄၄၂၃၀** | **၁၅၀၈၅၀၀၀၀** | **၃၂၂၂၇၃၃၇၄** | **၉၃၀၀၀၀၀** | **၅၉၁၅၂၅၂၅၄** | |

ကူညီထောက်ပံ့မှုများ

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၄. ၇၀' |
| ၂။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၄. ၉၀' |
| ၃။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၂. ၂၃' |
| ၄။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၀၅' |
| ၅။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၆။ | ကင်းတပ်ရေထိန်းတမံ | ၃၈၂၉၅ | ၅. ၈၀' |
| ၇။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၀. ၃၀' |
| ၈။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၁. ၄၀' |
| ၉။ | ကိုးပင်ကန် | ၉၇၆၄ | ၁. ၄၀' |
| ၁၀။ | ရာဇဂြိုလ်ရေလှောင်တမံ | ၅၂၀၀၀ | ၁. ၇၀' |
| ၁၁။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၀. ၆၀' |
| ၁၂။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၁၀' |
| ၁၃။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁. ၁၀' |
| ၁၄။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၆၀' |
| ၁၅။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၃၀' |
| ၁၆။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၈၀' |
| ၁၇။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၇၀' |
| ၁၈။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၄၀' |
| ၁၉။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၃၀' |
| ၂၀။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၂၀' |
| ၂၁။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၁. ၆၅' |
| ၂၂။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၁၀' |
| ၂၃။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၁. ၀၀' |
| ၂၄။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၁၀' |
| ၂၅။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၆၄' |
| ၂၆။ | စဥ့်ကူးချောင်းဂေါင်း ရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၂၇။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၈၀' |
| ၂၈။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၈၅' |
| ၂၉။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၆၀' |
| ၃၀။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၁၀' |
| ၃၁။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၆၀' |
| ၃၂။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၂. ၃၀' |
| ၃၃။ | ဆင်လမ်းရေလှောင်တမံ | ၆၈၄၆ | ၀. ၂၀' |
| ၃၄။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၃၅။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁. ၂၀' |
| ၃၆။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၇၀' |
| ၃၇။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၅၀' |
| ၃၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၁၅' |
| ၃၉။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၀. ၁၀' |
| ၄၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၇၀' |

(သတင်းစဉ်)



# သာပေါင်းမြို့ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

**သာပေါင်း ဩဂုတ် ၁၆**

သာပေါင်းမြို့ ရေဘေးသင့်ပြည်သူများအား APTB ထေရဝါဒဗုဒ္ဓ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း ရန်ကုန်မြို့မှ ဆန်အိတ် ၂၀၀၊ ရေသန့်ဘူးကတ် ၂၅၀၊ မက်စ်အချိုရေဘူး ၂၄၀၀၊ အဝတ်အထည်မျိုးစုံ အထုပ် ၂၀၊ အာလူးကြော် သုံးဖာ၊ ခေါက်ဆွဲခြောက် ငါးဖာ၊ ဆီငါးပိသာပုံး ၁၀ ပုံး၊ ငါးပိကြော်ဘူး ၂၅၀၊ ရေသန့်ဆေး ငါးဖာ၊ မြက်ဖျာအချပ် ၁၀၀၊ ခေတ်မီးအလက် ၆၀၊ ဂတ်စ်မီးခြစ်အလုံး ၁၀၀၊ အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၃၀၀၀၊ ထီး၊ သက်န်း ၁၀ စုံနှင့် ဆေးမျိုးစုံတို့ကို ကညင်ပင်ကျေးရွာနှင့် အင်းကလေးကျေးရွာများရှိ အိမ်ထောင်စု ၂၀၀ တို့ထံသို့ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများအရောက် စက်လှေများဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သာပေါင်း(မြန်/ဆက်)

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၆ ရက်

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | သီးနှံစုစုပေါင်း (ဧက) | | | | |
|---|---|---|---|---|---|---|
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၀၂၇ | ၂၇၅၉၉ | ၁၅၆၆၃ | ၁၂၇၉၀ | ၄၇၄၂ |
| ၃။ | ကယားပြည်နယ် | ၁၄၆ | ၁၄၆ | ၁၀၄ | ၆၇ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၁၆ | ၇၄ | ၆၇ |
| ၅။ | ချင်းပြည်နယ် | ၅၀၃၁ | ၅၀၃၁ | ၅၀၃၁ | ၂၉၀၉ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၇၈၅၆ | ၁၇၇၁၆၆ | ၁၄၂၁၃၁ | ၁၁၁၄၄၀ | ၁၉၉၀၁ |
| ၇။ | ပဲခူးတိုင်းဒေသကြီး | ၃၇၅၉၂၅ | ၃၇၅၉၂၅ | ၂၂၉၅၄၇ | ၁၅၂၄၀၅ | ၃၈၇ |
| ၈။ | မကွေးတိုင်းဒေသကြီး | ၉၆၈၄၆ | ၉၁၀၇၉ | ၉၆၈၄၆ | ၆၅၈၅၈ | ၃၈၈၀ |
| ၉။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၆၂ | ၂၈ | ၅ |
| ၁၀။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၂၂၉၄ | - | - |
| ၁၁။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၇၂၄၆ | ၁၄၂၃၈၇ |
| ၁၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၀၃၇၈၉ | ၅၂၂၁၈ | ၆၃၅၂၅ | ၇၂၈၉ | ၁၃၀ |
| ၁၃။ | ရှမ်းပြည်နယ် | ၁၃၀၈၂ | ၁၂၈၂၅ | ၃၄၈၁ | ၂၂၈၉ | ၂၀၅ |
| ၁၄။ | ဧရာဝတီတိုင်းဒေသကြီး | ၃၀၆၀၁၅ | ၁၀၄၀၂၇ | ၉၅၀၉၇ | ၆၈၆၈၇ | ၄၀၇၃ |
| | စုစုပေါင်း | ၁၄၂၉၇၃၄ | ၁၁၅၄၉၃၃ | ၉၂၇၇၅၁ | ၆၄၁၀၈၃ | ၁၇၅၇၇၇ |

# ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေမှတ်ကျော်လွန်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရသိရသည်။

(သတင်းစဉ်)



# ကျောင်းကုန်းမြို့နယ် ဘီးလင်းတာ မကျိုးပေါက်စေရေး တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ စုပေါင်းမြေဖို့

**ကျောင်းကုန်း ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် မြစ်ရေမြင့်တက်လာမှုကြောင့် ဒေါင့်ကွေးကျေးရွာအုပ်စုရှိ ဘီးလင်းတာကျိုးပေါက်သွားမည်စိုးသည့်အတွက် တမံတုတ် မြေဖို့ခြင်းကို ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ မြောင်းမြမြို့နယ်မြေခံတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့် နီးစပ်ရာကျေးရွာများဖြစ်သော သောင်ကြီးရွာ၊ ဒိုတန်းရွာ၊ ဆင်ကူးရွာ၊ ဇရပ်ဆိပ်ရွာများမှ ဒေသခံများစုပေါင်း၍ မြေဖို့ခဲ့ကြသည်။ ၂၀၁၂ ခုနှစ် မြစ်ရေလျှံတက်စဉ်ကလည်း ယင်းတာကျိုးခဲ့ဖူးခြင်းကြောင့် ယခုနှစ်တွင် တာကျိုးမည်စိုးသည့်အတွက် အားလုံးဝိုင်းဝန်းစုပေါင်းပြီး ကာကွယ်နေရခြင်းဖြစ်သည်။ ယခုဆိုလျှင် မြစ်ရေသည် တစ်ပေနီးပါး ကျဆင်းနေပြီဖြစ်သော်လည်း နောက်တစ်ရေလာမည်ကို ဒေသခံများ စိုးရိမ်ပူပန်နေကြကြောင်း သိရသည်။



**ဝင်းကြိုင်(မြန်/ဆက်)**

## မြစ်ရေစီးဆင်းမှုကြောင့် ကမ်းပါးပြိုကျနိုင်သဖြင့် ဝိုင်းဝန်းကူညီရွှေ့ပြောင်း

**ပုသိမ် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်တွင် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီက ဧရာဝတီမြစ်ရေစီးဆင်းမှုကြောင့် ကမ်းပါးပြိုကျနိုင်သဖြင့် ကြံခင်းမြို့နယ် ရေလယ်ကျွန်းကျေးရွာအုပ်စု၊ တဲတန်းကျေးရွာအုပ်စုရှိ နေအိမ်လေးလုံး၊ အိမ်ထောင်စုလေးစု၊ လူဦးရေ ၁၃ ဦးအား တပ်မတော်၊ ရဲတပ်ဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက ရွှေကျွန်းတောဘုန်းတော်ကြီးကျောင်းသို့ ကူညီရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

**(တိုင်းဒေသကြီးမြန်/ဆက်)**

## မြစ်ရေတိုက်စားမှုကြောင့် လူနေအိမ်များ ရွှေ့ပြောင်းပေး

**ပုသိမ် ဩဂုတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ်တွင် ဩဂုတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီက ငဝန်မြစ်ရေတိုက်စားမှုကြောင့် သောင်ကြီးကျေးရွာအုပ်စု သောင်ကြီးကျေးရွာနေ အိမ်ထောင်စုတစ်စု၊ လူဦးရေငါးဦးအား ဆွေမျိုးတော်စပ်သူနေအိမ်သို့ ယာယီရွှေ့ပြောင်းပေးခဲ့ရကြောင်းသိရသည်။

အလားတူ သာပေါင်းမြို့နယ်တွင် ဩဂုတ် ၁၅ ရက် ည ၇ နာရီက ရေစီးအားကြောင့် သပြေကျွန်းကျေးရွာအုပ်စု မကျီပင်စုကျေးရွာတွင် ခနိမိုး၊ ထရံကာ အိမ်တစ်လုံး ပြိုကျခဲ့ရာ အိမ်ထောင်စုတစ်စု၊ လူဦးရေ လေးဦးအား နီးစပ်ရာဆွေမျိုးများအိမ်သို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

**(တိုင်းဒေသကြီးမြန်/ဆက်)**

# ဒီအချိန် ဒီရာသီမှာ စပါးပေးယူစားရတဲ့ဘဝတွေလေ၊ အခုဒီလိုဖြစ်တော့ စပါးတွေမရှိတဲ့အတွက် ပေးမယ့်သူကလည်း မပေးတော့ဘူး၊ လက်လုပ်လက်စားတွေ ဒုက္ခရောက်ပါတယ်

**လယ်သမားကြီး ဦးမင်းလွင်**

**မြန်မာနိုင်ငံ ဒေသအသီးသီးရှိ ရေဘေးသင့်ဒေသများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူလူထု၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပရဟိတစေတနာရှင်အဖွဲ့များ၊ နိုင်ငံတကာအလှူရှင်များ၊ နိုင်ငံတကာ အထောက်အကူပေးရေးအဖွဲ့များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။**

**တွေ့ဆုံမေးမြန်းနှင့် ဓာတ်ပုံ-သီသီမင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ ရေဘေးသင့်ဒေသများသို့ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် တာဝန်ရှိသူများသည် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အတူ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက သာယာဝတီမြို့နယ်နှင့် ဇီးကုန်းမြို့နယ်များသို့ သွားရောက်၍ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်အားပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများအား ဆေးဝါးနှင့် အခြေခံ စားသောက်ကုန်များ ပေးအပ်ခဲ့ရာ အဆိုပါ ရေဘေးသင့်ကယ်ဆယ်ရေးစခန်းများရှိ ဒေသခံပြည်သူများအား ကြေးမုံမှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဒေါ်ယဉ်ထွေး။



ဒေါ်နွယ်ဦးခင်။



ဦးမင်းလွင်။

**ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရတနာဝင်းရုပ်ရှင်ရုံတွင် ဖွင့်လှစ်ထားသည့် ရေဘေးသင့်ပြည်သူများကယ်ဆယ်ရေးစခန်းမှ ဒေါ်ယဉ်ထွေးက** "ရေတွေက အိမ်တွေအကုန်လုံးမြုပ်တာ။ ရှစ်ပေလောက်အထိတက်တာ။ ၄ ရက်နေ့လောက်က စတက်တာ။ ၅ ရက်နေ့မှာ ဒီကယ်ဆယ်ရေးစခန်းကို ရောက်တယ်။ အလှူရှင်တွေလာလှူတဲ့အခါ ဌာနဆိုင်ရာကိုအပ်တဲ့ အလှူရှင်တွေရှိတယ်။ လက်ထိလက်ရောက်လာလှူတဲ့ လူတွေရှိတယ်။ စားရေးသောက်ရေးကတော့ အဆင်ပြေပါတယ်။ အိမ်အခြေအနေက ပြန်လို့ကိုမရသေးတာ။ ပြန်လို့ရရင်ပြန်ချင်ပြီ။ တချို့ပြန်လို့ရတဲ့သူတွေကတော့ ပြန်သွားကြပြီ။ ကိုယ့်အိမ်ကိုယ့်ရာက အကောင်းဆုံးလေ။ လမ်းတွေက မကောင်းသေးတော့ ခက်နေသေးတယ်။ အလှူရှင်တွေလာလှူတာ အင်မတန်ဝမ်းသာတယ်။ အခုလို နိုင်ငံရဲ့အကြီးအကဲတွေကိုယ်တိုင် ရင်းရင်းနှီးနှီးလာတွေ့ပြီးအားပေးတဲ့အခါ ကြည်နူးတယ်။ အများစုကတော့ အလှူရှင်တွေကိုယ်တိုင် ရေဘေးဒုက္ခသည်တွေဆီ လက်ထိလက်ရောက်လာလှူပေးရင်တော့ ပိုပြီးဝမ်းသာကြတယ်"ဟုပြောသည်။

**မင်္ဂလာအုဋ္ဌ်ကျောင်းတိုက်တွင် ဖွင့်လှစ်ထားသည့် ရေဘေးသင့်ပြည်သူများကယ်ဆယ်ရေးစခန်းတွင် ကလေးငယ်များအတွက် ရွှေ့လျားစာကြည့်တိုက်ဖွင့်လှစ်ပေးထားသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်နွယ်ဦးခင်က** "ပြန်/ဆက်ဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသတွေမှာ ကလေးတွေဗဟုသုတရအောင် ရွှေ့လျားစာကြည့်တိုက်လေးတွေ ဖွင့်ပေးရတယ်။ ကလေးတွေ ပညာဗဟုသုတရအောင်ရယ်။ စာဖတ်ရှိန်မပျက်စေဖို့ရယ်ပေ့ါ။ အခု ဒီရေဘေးကယ်ဆယ်ရေးစခန်းမှာလည်း ကလေးတွေအတွက် စာဖတ်ဝိုင်းလုပ်ပေးတာပါ။ ရေဘေးသင့်စခန်းမှာရောက်နေရလို့ ကလေးတွေစိတ်ညစ်တာမျိုး၊ အားငယ်တာမျိုးမဖြစ်အောင် ကလေးတွေပျော်ရွှင်စေမယ့် ကာတွန်းစာအုပ်တွေ၊ ရုပ်ပြတွေ ဒီမှာယူလာပေးတယ်။ ဗဟုသုတဖြစ်မယ့်စာအုပ်တွေ ပုံပြင်စာအုပ်တွေရောပေ့ါ။ ကလေးတစ်ယောက်က ဖတ်ပြရင်အားလုံးစုပြီးနားထောင်တယ်။ ရယ်စရာရှိလည်း အားလုံးရယ်တော့ ဘေးက ကြည့်နေတဲ့ကလေးတွေပါ စာအုပ်ဖတ်ဖို့စိတ်ဝင်စားလာတယ်။ ဒီလိုများများစိတ်ဝင်စားလာရင် စာဖတ်ချင်တဲ့ကလေးတွေများလာရင် ကျွန်မတို့လုပ်ရကျိုးနပ်ပါတယ်" ဟု ပြောသည်။

**ရေဘေးကြောင့် လယ်မြေများပျက်စီးခဲ့ရသည့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ဖိုးခေါင်ကျေးရွာအုပ်စု ဇရပ်ကြီးကျေးရွာမှ လယ်သမားကြီး ဦးမင်းလွင်က** "ရွာရဲ့အခြေအနေကတော့ လက်ရှိမှာ ရေတွေနစ်မြုပ်နေတဲ့အတွက် စားရေးသောက်ရေး နေရေးထိုင်ရေးမှာအကုန်အခက်အခဲရှိနေပါတယ်။ အခုလို ကျွန်တော်တို့ ကျေးရွာလေးကို လာရောက်လှူဒါန်းတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ လာရောက်အားပေးတဲ့အတွက်လည်း ဝမ်းသာပါတယ်။ ကျွန်တော်တို့ဆီမှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခက်အခဲက ဒီဒေသခံတွေအနေနဲ့က လယ်တွေ ရေနစ်မြုပ်တဲ့အခါမှာလည်း အနိမ့်ဆုံးကွင်းဖြစ်တဲ့အတွက် နောက်တစ်ခါပြန်စိုက်ဖို့ မဖြစ်နိုင်ပါဘူး။ တော်သလင်း၊ သီတင်းကျွတ်ကျမှ စိတ်ချရမှာဖြစ်ပါတယ်။ လယ်သမားတွေလည်း တော်တော်အခက်အခဲဖြစ်ပါတယ်။ ဒီအချိန် ဒီရာသီမှာ စပါးပေးယူစားရတဲ့ဘဝတွေ အခု ဒီလိုဖြစ်တော့ စပါးတွေမရှိတဲ့အတွက် ပေးမယ့်သူကလည်းမပေးတော့ဘူး။ လက်လုပ်လက်စားဒုက္ခရောက်ပါတယ်။ ဒီလိုမျိုး ရေမကြီးတာ ၁၀ နှစ်ရှိပါပြီ။ ခါတိုင်းကြီးတာကတော့ ဒီအဆင့်လောက်ထိ မဖြစ်ပါဘူး။ စားရေးသောက်ရေးကအစ အိမ်ခြေ ၁၂၀ လောက်ရှိတဲ့အထဲမှာ စားနိုင်သောက်နိုင်တာ ၁၄/၅ အိမ် လောက်ပဲရှိတာ။ ကျန်တဲ့အိမ်ခြေ ၁၀၀ နီးပါးလောက်က စားရေးသောက်ရေး ခက်ခဲနေပါတယ်။ လာပြီးလှူဒါန်းတဲ့သူတွေကျတော့လည်း ကျွန်တော်တို့ ဒီရွာလေးကထိပ်ကဆိုတော့ ချန်ထားပြီး အဝေးကို သွားလှူကြတယ်။ လုံးဝမရခဲ့ဘူး။ သံဃာတော်တွေကစပြီး မျှဝေပေးလို့ ဆန်အိတ်တွေရခဲ့တယ်။ ကယ်ဆယ်ရေးစခန်းသွားရလောက်အောင်လည်း အိမ်တွေက ပေါင်လောက်ထိပဲ ရေမြုပ်ပြီး အခုရေကျလာတော့နေလို့ရတဲ့ပုံစံမျိုးဆိုတော့ ကယ်ဆယ်ရေးစခန်းမှာ သွားမနေတာပါ"ဟု ပြောသည်။

အဆိုပါ ခရီးစဉ်အတွင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်အတွင်းရှိ စံရွှေး၊ ဖိုးခေါင်၊ ဒေါဝိ၊ အိပ်လဟာ အသရော်၊ ညောက်ကောက်ကွေး၊ ဘီးလင်းအစရှိသည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ဖွင့်လှစ်ပေးထားသည့် ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ရတနာဝင်းရုပ်ရှင်ရုံ ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်း၊ ဓမ္မသုခကျောင်း ရေဘေးသင့် ပြည်သူများကယ်ဆယ်ရေးစခန်း၊ မင်္ဂလာအုဋ္ဌ်ကျောင်းတိုက် ရေဘေးသင့်ပြည်သူများကယ်ဆယ်ရေးစခန်းနှင့် သာယာဝတီမြို့နယ်အတွင်းရှိ ရေမြုပ်လယ်မြေများရှိရာ ဖိုးခေါင်ကျေးရွာအုပ်စု ဇရပ်ကွင်းကျေးရွာများရှိ ရေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူ ၁၀၄၈ ဦးအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၉၁၈၆၀၀၀ ရှိ ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာ၊ ခြင်ထောင်နှင့် ဇီးကုန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း တန်ဖိုးငွေကျပ် ၂၈၇၅၅၀၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။

# ပြည်တွင်းရေးရာ

❖ **ကျောဖုံးမှ**

နိုင်ငံခြားသားနှစ်ဦးဖြစ်သည့် ဘားနက်အချောနှင့် မာစီယိုတို့မှလွဲ၍ လူစုံအသုံးပြုခဲ့သည်။ အမှတ်ပေးဇယားအောက်ဆုံးရောက်နေသည့် ရခိုင်အသင်း၏ ရုန်းကန်အားကြောင့် ဇွဲကပင်ခက်ခက်ခဲခဲကစားခဲ့ရပြီး ၂၄ မိနစ်တွင် ရခိုင်အသင်းဂိုးစရခဲ့သည်။ စောဝင်းထူးက အဝေးကန်ချက်ဖြင့် ရခိုင်အတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီး ဇွဲကပင်အတွက် ချေပဂိုးကို မိနစ် ၄၀ တွင် ကင်မ်က သွင်းယူခဲ့သည်။

ဒုတိယပိုင်းအစတွင် ကောင်းစည်သူက ဇွဲကပင်အသင်းအတွက် ဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့သော်လည်း ပွဲကိုဦးဆောင်နိုင်ခြင်းမရှိခဲ့ပေ။ ၅၆ မိနစ်တွင် အောင်ခိုင်ထွန်းက ရခိုင်အတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့ပြီး ယင်းနောက်ပိုင်းတွင် ပွဲမှာပိုမိုအကြိတ်အနယ်ရှိလာခဲ့သည်။ ရခိုင်အသင်းအတွက် အဖိုးတန်အနိုင်ဂိုးကို ၈၄ မိနစ်တွင် မင်းကိုသူက အဝေးမှကန်သွင်းယူခဲ့သည်။

**(ပေါင်းလောင်းကွင်း)**

ကမ္ဘောဇ - လေးဂိုး
(ကျော်ဇေယျာဝင်း-နှစ်ဂိုး၊



ဇွဲကပင်နှင့် ရခိုင်တို့ယှဉ်ပြိုင်နေစဉ်။

နေဇော်ထက်နှင့် ဘာကာ တစ်ဂိုးစီ)
နေပြည်တော် - သုံးဂိုး
(အဖူဖို)

**(ဗထူးကွင်း)**

ရတနာပုံ - တစ်ဂိုး
(ရန်ပိုင်)
ချင်းယူနိုက်တက် - ဂိုးမရှိ

MNL အမှတ်ပေးပြိုင်ပွဲကို ယခုပွဲအပြီးတွင် မြန်မာ့လက်ရွေးစင်အသင်း၏ လေ့ကျင့်ပြင်ဆင်မှုများကြောင့် ခေတ္တရပ်နားမည်ဖြစ်ပြီး စက်တင်ဘာ ၁၂ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

## အာဆင်နယ်အသင်း ၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ပြိုင်ပွဲ၌ နိုင်ပွဲစတင်ရရှိ

ပရီမီယာလိဂ်ပွဲစဉ်(၂) တနင်္ဂနွေညအစောပိုင်းပွဲစဉ်တစ်ပွဲအဖြစ် ခရစ္စတယ်ပဲလေ့အသင်းနှင့် အာဆင်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ပြိုင်ပွဲ၌ နိုင်ပွဲစတင်ရရှိသွားခဲ့ပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် အာဆင်နယ်အသင်းသည် တိုက်စစ်မှူး ဂီရောက်ကို အထောင်တိုက်စစ်မှူးအဖြစ် အသုံးပြုကာ ကိုကွီလင်၊ ဆန်းချက်ဇ်၊ အိုဇေးလ်၊ ရမ်ဆေး၊ ကာဇိုလာ၊ ဘယ်လာရင်၊ မွန်ရီးယဲလ်၊ ကိုစီယယ်နီ၊ မာတီဆက်ကာ စသည့်ကစားသမားများကို ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်ကစားစေခဲ့ပြီး ခရစ္စတယ်ပဲလေ့အသင်းမှာမူ ဝစ်ခမ်း၊ ဇာဟာ၊ ဘိုလာစီ၊ ပွန်ချီယွန်၊ ကာဘာရီ၊ မက်အာသာ၊ ဆိုးရား၊ ဒီလာနေး၊ စကော့ဒန်း၊ ဂျိုးလ်ဝက်ဒ် စသည့် ကစားသမားများကို ၄-၂-၃-၁ ကစားကွက်ဖြင့် တူညီသော ကစားကွက်များအသုံးပြုကာ ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲကစားချိန် ၁၆ မိနစ်၌ တိုက်စစ်မှူး ဂီရောက်က အိုဇေးလ်၏ ဖန်တီးပေးမှုကို အာဆင်နယ်အသင်းအတွက် ဦးဆောင်ဂိုးအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပြီး ပွဲကစားချိန် ၂၈ မိနစ်တွင် မက်အာသာ၏ ဖန်တီးပေးမှုဖြင့် ဂျိုးလ်ဝက်ဒ်က အိမ်ရှင်ခရစ္စတယ်ပဲလေ့အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သည်။

ထို့ကြောင့် ပထမပိုင်းပြီးချိန်တွင် တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း ဒုတိယပိုင်းပွဲကစားချိန် ၅၅ မိနစ်တွင် နောက်တန်းကစားသမား ဒီလာနေးက ခရစ္စတယ်ပဲလေ့အသင်း နောက်ထပ်ဂိုးမပေးရရေး ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့တာကြောင့် အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းကို အိမ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့ရသည့်အသင်းဖြစ်ပြီး လက်ရှိတွင် ခရစ္စတယ်ပဲလေ့အသင်းကို အနိုင်ရရှိလိုက်ခြင်းကြောင့် ၂၀၁၅-၂၀၁၆ ပရီမီယာလိဂ်ပြိုင်ပွဲ၌ နိုင်ပွဲစတင်ရရှိသွားခဲ့ပြီဖြစ်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၃)အဖြစ် ဩဂုတ် ၂၄ ရက်တွင် လီဗာပူးအသင်းအား အိမ်ကွင်း၌ ဧည့်ခံကစားရမည်ဖြစ်သည်။ **(ငွေကြယ်)**

# ပန်းဘဲတန်းမြို့နယ်တွင် level(3) အဆင့်ရှိ မီးလောင်မှုဖြစ်ပွား

## နောက်ဖေးလမ်းကြား နယ်နိမိတ်တွင် အဆောက်အအုံများဆောက်ထား၍ မီးငြိမ်းသတ်ရာတွင် ခက်ခဲမှုများရှိ

သတင်း
မြန်မာ့သတင်းစဉ်သတင်းအဖွဲ့
ဓာတ်ပုံ - ဖိုးထောင်

ရန်ကုန် ဩဂုတ် ၁၆

**ယနေ့ညနေ ၅ နာရီ မိနစ် ၅၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့် တိုက်အမှတ်(၂၆) ပထမထပ်ရှိ တိုက်ခန်း နှစ်ခန်းတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှ Level (3) အဆင့်သတ်မှတ်ပြီး မီးသတ်ကားအစီး ၅၀ ကျော်ဖြင့် မီးငြိမ်းသတ်ခဲ့ကြောင်း၊ ည ၇ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး လူအသေအပျောက်မရှိကြောင်း သိရသည်။ မီးလောင်သည့် ပျက်စီးဆုံးရှုံးမှု စုစုပေါင်းတန်ဖိုးအား ကနဦးတွက်ချက်နေဆဲဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သိရသည်။**

ဩဂုတ် ၁၆ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့သည့် ပန်းပဲတန်းမြို့နယ်၌ မီးလောင်ခဲ့မှုအား မျက်မြင်တွေ့ရှိခဲ့သူများနှင့် တာဝန်ရှိသူများကို အခင်းဖြစ်ပွားစဉ်တွင် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးသော်တာ**
**ဒုတိယညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီး**
**မီးသတ်ဦးစီးမှူး**

ဒီနေ့ ဗဟိုမီးသတ်ကို ညနေ ၆ နာရီမှာ မီးလောင်တဲ့သတင်းရောက်တယ်။ ခန့်မှန်းတာကတော့ ၅ နာရီ မိနစ် ၅၀ လောက်ကစပြီး လောင်တယ်လို့ ခန့်မှန်းပါတယ်။ ၇ နာရီမှာ မီးထိန်းနိုင်ပြီးတော့ ၇ နာရီ ၃၅ မိနစ်မှာ မီးလုံးဝ ငြိမ်းသွားခဲ့ပါတယ်။ မီးကို Level (3) အဆင့် သတ်မှတ်ပါတယ်။ မီးသတ်ကား အစီး ၅၀ ကျော်ပါတယ်။ အသေအပျောက် မရှိဘူး။ ဒဏ်ရာရသူ အနည်းငယ်တော့ ရှိပါတယ်။ အိမ်သုတ်ဆေးတွေ၊ သင်ဒါတွေ အထဲမှာ သိုလှောင်ထားတယ်။ နောက် ဂတ်စ်အိုးလည်း ရှိနေတဲ့အတွက် မီးသတ်ရတာ ခက်ခဲခဲ့ပါတယ်။ ဖြစ်စဉ် အသေးစိတ်ကိုတော့ စုံစမ်းရဦးမှာ ဖြစ်ပါတယ်။ အခု မီးလောင်တဲ့တိုက်က သစ်သားနဲ့ပဲ ကာထားလို့ မီးကူးတာ။ မြန်မာ-မူဆလင်အဖွဲ့ချုပ်ဘက်က အုတ်နဲ့ကာထားတဲ့အတွက် အဲဒီဘက်ကို မကူးဘူး။ မီးကူးသွားတဲ့တိုက်က သစ်သားနဲ့ကာထားတဲ့ အတွက်ကြောင့်ပါ။

မီးငြိမ်းသတ်ရတဲ့ အခက်အခဲကတော့ ကုန်သည်လမ်းဘက်မှာ နောက်ဖေးလမ်းကြားတွေကို ပိတ်ဆောက်ထားတဲ့အတွက်ကြောင့် မီးငြိမ်းသတ်ရတာ အခက်တွေ့ခဲ့တယ်။ အဓိကကတော့ နောက်ဖေးလမ်းကြားတွေကို ခိုးမဆောက်ဖို့လိုတယ်။



ဦးသော်တာ။



ဦးရဲလွင်။



ကိုဇင်မင်းဦး။



ဦးတင်အေး။

တစ်ဆစ်ချိုးတွေ ဆောက်ထားတယ်။ အိမ်ထဲကနေ လူတစ်ကိုယ်ဝင်စာကနေ ခက်ခက်ခဲခဲဝင်သတ်ရတယ်။

လှောင်ထားတဲ့ ကုန်ပစ္စည်းတွေကလည်း များလွန်းတယ်။ မြို့ထဲမှာ ဒါမျိုးတွေ မလှောင်သင့်ဘူး။



ဘေးက RC နဲ့ ဆောက်ထားတဲ့ အဆောက်အအုံတွေမို့ မကူးနိုင်တာ။ အောက်ခြေ လုံးဝမလောင်ဘူး။ ပထမထပ်ပဲ လောင်တယ်။ ပထမထပ် နှစ်ခန်း။ (၁၂ × ၅၀)ပေလောက်ရှိတယ်”ဟု ပြောသည်။

ဩဂုတ် ၁၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ Level(1) အဆင့်ရှိ မီးလောင်မှုတစ်ခု၊ ဩဂုတ် ၁၄ ရက်တွင် ကြည့်မြင်တိုင်မြို့နယ်၌ Level(2) အဆင့်ရှိ မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့သည်။ ဩဂုတ် ၁၆ ရက်တွင် ပန်းဘဲတန်းမြို့နယ်၌ Level(3) အဆင့်ရှိ မီးလောင်မှုထပ်မံဖြစ်ပွားခဲ့ခြင်းကြောင့် မိုးတွင်းကာလ ယခုရက်ပိုင်းအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ မီးလောင်မှုများ ဆက်တိုက်ဆိုသလိုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မီးဘေးရှောင်
မလောင်ခင်တား

**ဦးရဲလွင်**
**တိုင်းဦးစီးမှူး(ဒုတိယတန်းစီမံ)**
**ရန်ကုန်တိုင်းဒေသကြီး**
**ကြက်ခြေနီတပ်ဖွဲ့**

သေဆုံးတဲ့လူ မရှိဘူး။ ဒဏ်ရာရတဲ့လူလည်းမရှိဘူး။ မြောင်းထဲ ချော်ကျတဲ့သူရယ် မွန်းကျပ်တဲ့သူပဲရှိတယ်။ အသက်(၃၅)နှစ်အရွယ်ရှိ အမျိုးသမီးကတော့ ကားထဲမှာနေရင်း အသက်ရှူကျပ်တဲ့အတွက် ရန်ကုန်ဆေးရုံကြီးကို ပို့ပေးရတယ်။ အဲဒီတိုက်ကပဲ ထင်ပါတယ်။ မီးခိုးမွန်သွားတယ်နဲ့ တူတယ်။ လူနာတင်ကား ငါးစီး၊ ကြက်ခြေနီ အင်အား ၉၇ ဦးနဲ့ ကူညီဖို့ လာတာပါ။ အဆင့် (၃) သတ်မှတ်တဲ့ အတွက် မြို့နယ်ပေါင်းစုံက ရောက်လာတာပါ။

**ကိုဇင်မင်းဦး(ကုန်သည်လမ်းနှင့် ကုန်ဈေးတန်းလမ်းထောင့်နေ ပြည်သူတစ်ဦး)**

မီးခိုးတွေ တော်တော်များများထွက်နေတယ်။ စလောင်တော့မြင်နေရတယ်။ မီးခိုးတွေ အလုံးလိုက်ထွက်နေတာ။ အဲဒါကြောင့် မီးသတ်ကို ဖုန်းဆက်လိုက်တယ်။ မီးသတ်ကားတွေ အများကြီးလာပြီး ငြိမ်းကြတယ်။

**ဦးတင်အေး(ကုန်ဈေးတန်းလမ်းနေ ပြည်သူတစ်ဦး)**

အိမ်မှာကတော့ ဘယ်သူမှမရှိကြဘူး။ လမ်းသူလမ်းသားတွေက မီးသတ်ကားခေါ်ကြတယ်။ အဲဒီအိမ်မှာက မိန်းကလေးတွေကြီးပဲ။ ပထမထပ်ကနေ စလောင်တယ်။ အိမ်ကနေ အသံကြားတယ်။ မျက်နှာချင်းဆိုင်တိုက်မှာနေတာပါ။ မီးလောင်တဲ့တိုက်အနားမှာရှိတဲ့ ကားတွေကို ဝိုင်းရွှေ့ကြတယ်။ မီးသတ်ကားက မီးလောင်ပြီး နောက်နာရီဝက်လောက်မှာ ရောက်လာတယ်။ ခန့်မှန်းခြေ နှစ်နာရီလောက်ကြာတယ်။ ဆီလီကွန်ကော်ဘူးတွေပဲ တိုက်ထဲမှာရှိတာပါ။ သိမ်ကြီးဈေးမှာ ဆိုင်ရှိကြတယ်။ ကျန်တဲ့ လောင်စာတစ်ခုမှမရှိပါဘူး။

# အသံအိုးထိခိုက်မှုကြောင့် နယ်လှည့်ဖျော်ဖြေပွဲတွေကို ရပ်ဆိုင်းခဲ့တဲ့ မက်ဂန်ထရီနာ



အမေရိကန် ပေါ့ပ်အဆိုတော် မက်ဂန်ထရီနာသည် နိုင်ငံတစ်ဝန်းတွင် သူ၏ နယ်လှည့်ဖျော်ဖြေပွဲများကို ပြုလုပ်နေစဉ် အသံအိုးထိခိုက်ခဲ့သောကြောင့် ကျန်ရှိနေသည့် ဖျော်ဖြေရေးပွဲစဉ်များကို ပယ်ဖျက်လိုက်ကြောင်း လူမှုကွန်ရက် မီဒီယာမှ တစ်ဆင့် ဖော်ပြခဲ့သည်။

ထရီနာသည် အဆိုပါဒဏ်ရာကြောင့် ချောင်းများလည်း အဆက်မပြတ်ဆိုးနေသည့်အတွက် ယခုကဲ့သို့ ပွဲစဉ်များဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

ထိုသို့ဖျော်ဖြေပွဲများရပ်ဆိုင်းခဲ့ရခြင်းနှင့်ပတ်သတ်၍ ထရီနာက "ကျွန်မကို အားပေးတဲ့ ပရိသတ်ကြီးကို တောင်းပန်ပါတယ်။ ကျွန်မဒီလို ပြဿနာတွေဖြစ်လာမှာစိုးလို့ ကိုယ့်ကိုယ်ကိုယ် သေချာဂရုစိုက်တယ်။ ကြိုတင်ကုသမှုတွေလည်းခံယူခဲ့ပါတယ်။ ဒါပေမယ့် အခုလိုဖြစ်ခဲ့တော့ စိတ်မကောင်းဖြစ်ရတယ်။ ပရိသတ်တွေရဲ့ မျက်နှာလေးတွေကို ကြည့်ပြီး ကျွန်မရဲ့ညတွေကို ကျော်ဖြတ်ချင်တာပါ။ ဒါ့ကြောင့် ကျွန်မအကောင်းဆုံးကုသမှုတွေ ခံယူပြီး အခုထက် ပိုကောင်းတဲ့ အဆိုတော် တစ်ယောက်အဖြစ် ပရိသတ်ရှေ့ကို အရောက်ပြန်လာခဲ့မှာပါ"ဟု သူ၏လူမှုကွန်ရက်မီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။

"Like I'm Gonna Lose You" အဆိုတော်ထရီနာသည် ပြီးခဲ့သည့် ဇူလိုင်လအစောပိုင်းကလည်း အသံအိုးပြဿနာကြောင့် အတ္တလန္တိတ်မြို့တော်နှင့် ကွန်နက်တီကပ်ရှိ ဖျော်ဖြေပွဲများကို ဖျက်သိမ်းခဲ့ရကာ ယခုတစ်ကြိမ်တွင်မူ ဖျော်ဖြေပွဲအားလုံး ရပ်ဆိုင်းခဲ့ပြီး အသံအိုးခွဲစိတ်ကုသမှု ခံယူသွားမည်ဖြစ်ကြောင်း သိရသည်။

# Pirates of The Caribbean 5 တွင် အော်လန်ဒိုဘလွန်းမ် ပြန်လည်ပါဝင်



ပင်လယ်ဓားပြကြီး ဂျက်စပဲရိုး၏ စွန့်စားခန်းများအကြောင်းရိုက်ကူးထားသည့် " Pirates of The Caribbean "ဇာတ်လမ်းတွဲတွင် ဝေးလ်တာနာအဖြစ် သရုပ်ဆောင်ခဲ့သော မင်းသားအော်လန်ဒိုဘလွန်းမ်သည် လာမည့်ရုပ်ရှင်သစ် "Pirates of the Caribbean: Dead Men Tell No Tales"တွင် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဩဂုတ် ၁၅ရက်ကပြုလုပ်ခဲ့သော ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေး၏ D23 Expoအခမ်းအနားတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ဘလွန်းမ်သည် ရိုက်ကူးပြီးခဲ့သော ရုပ်ရှင်လေးကားအနက် ပထမဆုံးရိုက်ကူးခဲ့သည့် ရုပ်ရှင်သုံးကားတွင်သာ ပါဝင်သရုပ်ဆောင်ထားပြီးလေးကားမြောက်တွင် ပါဝင်ခဲ့ခြင်းမရှိဘဲ ယခုငါးကားမြောက် ရုပ်ရှင်တွင် ပြန်လည်ပါဝင်သရုပ်ဆောင်ခြင်းဖြစ်သည်။

ယခုရိုက်ကူးမည့်ရုပ်ရှင်တွင် ဘလွန်းမ်သည် ပင်လယ်ဓားပြမင်းသားကြီး ဂျက်စပဲရိုးနှင့်အတူ စွန့်စားခန်းများ၌ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။



# ရုပ်ရှင်သစ်မှာ ချစ်သူတွေ့သွားတဲ့ သစ်သားရုပ်လေးဝူဒီ



ရုပ်သံဖန်တီးမှုရုပ်ရှင်ကောင်းများကိုဖန်တီးပေးလျက်ရှိသည့် ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးနှင့် ပိုက်ဇာကုမ္ပဏီတို့က ပူးပေါင်းထုတ်လုပ်လျက်ရှိသော "Toy Story"ဇာတ်လမ်းတွဲများတွင် အဓိကဇာတ်ကောင်တစ်ဦးဖြစ်သည့် သစ်သားရုပ်လေးဝူဒီသည် နောင်ထွက်ရှိမည့် ဇာတ်လမ်းသစ် Toy Story 4 တွင် အချစ်နှင့်တွေ့ဆုံရမည် ဖြစ်ကြောင်း အဆိုပါကုမ္ပဏီ၏ ဖန်တီးမှုဆိုင်ရာ ခေါင်းဆောင်ဖြစ်သည့် ဂျွန်လက်စ်စက်တာက အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ဝူဒီ၏ချစ်သူဖြစ်လာမည့်သူမှာ ဘိုပိပ်ဖြစ်ကာ သူသည် Toy Story 1နှင့် 2တို့တွင် အဓိကပါဝင်ထားပြီး Toy Story 3၌မူ အခန်း အနည်းငယ်သာပါဝင်ခဲ့သည်။

လက်စ်စက်တာက "အခုထပ်မံရိုက်ကူးမယ့် Toy Story 4ကတော့ အချစ်ဇာတ်လမ်းလေးပါပဲ။ ဝူဒီနဲ့ ဘိုပိပ်တို့၏ ဇာတ်လမ်းပေါ့။ အရင်ရုပ်ရှင်တွေမှာ အချစ်ဇာတ်လမ်းတွေထည့်မရိုက်ကူးဖြစ်ခဲ့ဘူး။ စွန့်စားခန်းတွေပဲများတာ။ ဒီတစ်ခါတော့ အရင်နဲ့မတူတဲ့ ခံစားမှုအသစ်တွေကို ပရိသတ်ဆီအရောက်ပို့ပေးနိုင်လိမ့်မယ် ထင်ပါတယ်" ဟုဆိုသည်။

ပထမဦးဆုံးသော Toy Story ရုပ်ရှင်ကို ၁၉၉၅ ခုနှစ်က ပိုက်ဇာကုမ္ပဏီအတွက် လက်စ်စက်တာကပင်ဖန်တီးပေးခဲ့ပြီး အဆိုပါ ဇာတ်လမ်းများသည် ကောင်းဘွိုင်သစ်သားရုပ်လေး၏ စွန့်စားခန်းများကို ဇာတ်လမ်းဖန်တီးထားသောရုပ်ရှင်ဖြစ်သည်။ ယခုဖန်တီး ရိုက်ကူးလျက်ရှိသည့် Toy Story 4ရုပ်ရှင်ကို ၂၀၁၇ခုနှစ် ဇွန် ၁၆ ရက်တွင် စတင်ရုံတင်ပြသသွားမည်ဖြစ်ကြောင်းလည်း ပိုက်ဇာကုမ္ပဏီက ကြေညာခဲ့သည်။

**အေးပြည့် - စုစည်းသည်။**

## ရုပ်မြင်သံကြားအစီအစဉ်များ

**၁၇ - ၈ - ၂၀၁၇ (တနင်္လာနေ့)**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | အဖွင့် ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ် တေးအရသာ ဂီတရိပ်သာ | ၉း၄၀ | တေးဂီတအစီအစဉ် |
| ၆း၁၅ | "ဂန္ထဝင်အလှမြန်မာရာမ" (အပိုင်း-၆) | ၉း၅၀ | ပြည်သူ့နီတိ "အချက်မသိတော့" |
| ၆း၄၀ | ဝတ်စားဆင်ယင်မှုပြပွဲ | ၁၀း၁၅ | "လှပသောတမန်တော်" တရုတ်မသန်စွမ်း အနုပညာရှင်များအဖွဲ့ ဖျော်ဖြေမှု |
| ၇း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "တောင်းတဲ့ဆု"(အပိုင်း-၈၆) | ၁၀း၃၅ | မြန်မာဗီဒီယိုဇာတ်လမ်း "ယုန်ကလေးရဲ့ကိုယ် " ( မြင့်မြတ်၊ မေကဗျာ) (ဒါရိုက်တာ-မီးပွား) |
| ၇း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဂုဏ်ရည်မတူတဲ့အချစ်" (အပိုင်း-၃၄) | ၁၂း၀၀ | အစီအစဉ်ပြီး၏။ |

**တစ်နေ့ (၆)နာရီစာ (၄) ကြိမ်ပြသပါမည်။**

### မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း အပိုင်း(၄၆) |
| ၆း၁၆ | မေတ္တာပို့ | | |
| ၆း၂၀ | ဓမ္မပူဇာတေး | | |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား | ၆း၂၀ | သံစဉ်လမ်းက လင်းလက်ကြယ် |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သည်းခြာချစ်လိပ်ပြာ အပိုင်း(၇) - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခနတ်တိုင်းရဲ့ တစ်ဖက်တစ်ချက် အပိုင်း(၅) |
| ၈း၁၀ | အမျိုးသားရေးတေးကဗျာ | | |
| ၈း၁၅ | ရွှေဟောင်းသုတ | | |
| ၈း၂၀ | DVD Hits | | |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ | | |
| ၄း၂၀ | စိုက်ပျိုးသုတ | | |
| ၄း၃၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | | |
| ၄း၃၅ | ဇာတ်လမ်းတို | | |
| ၅း၀၅ | မြန်မာသံစဉ်ချိုနားဝင် | | |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ | | |

### MRTV - 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ရတနသုတ် | | "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၂၅) |
| ၁၁း၀၀ | သွားမယ်စားမယ် (Bulgogi Brothers) | ၇း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း"(အပိုင်း-၁၈) |
| ၁၁း၄၅ | ထောင်မင်းသားနှင့်တွေ့ဆုံခြင်း | ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာ ပွင့်သောပန်း " (အပိုင်း-၅၇) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၂၉) | ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၃၀) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း"(အပိုင်း-၁၇) | ၁၀း၁၅ | Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၂း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ"(အပိုင်း-၂၄) | | |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ | | |

### mitv

- Exquisite Myanmar Silk
- …….Shan Novices To Be………..
- The Legend Of An Ambulatory Surgeon EP-1
- Sagaing: Guitars
- Back To A Paradise (Ep-1)
- Kid's Home
- Youth Of The Future (EP-2) (Harryko)
- My Life & My Art
- Food Trip (Ep-5) (Part-2)
- Hip-Hop and Design
- Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-1) In Memory of Him & His Childhood
- Myanmar Leading Lady " Naw Susanna Hla Hla Soe"
- Unique Pattern Of Myanma... A Trend Of Chin Traditional Dress
- Size Does Matter: Elephants in Focused (Part-1)
- Size Does Matter Elephants in Focused (Part-2)
- Travelogue: To My Dream City (Part-1)
- Well-trained Elephants
- Kayin Child Boxer
- "Myanmar's Traditions and Culture" Novicehood in Myanmar

အားကစား

# ပွဲချိန်ပြည့်ဝင်ရောက်ကစားရန် ဟယ်ရီကိန်းကြံ့ခိုင်မှုမပြည့်ဝ

စပါးနည်းပြပိုချက်တီနိုက တိုက်စစ်မှူးဟယ်ရီကိန်းအနေဖြင့် ပွဲကစားချိန်မိနစ် ၉၀ပြည့်ဝင်ရောက်ကစားရန် ပင်ပန်းနွမ်းနယ်နေသည်ဟု စတုတ်စီးတီးအား နှစ်ဂိုးစီသရေကျသော ပွဲအပြီးတွင်ပြောကြားခဲ့သည်။ အဆိုပါပွဲစဉ်တွင် စပါးက နှစ်ဂိုးအသာဖြင့်ဦးဆောင်နေချိန် ပွဲကစားချိန်မိနစ် ၆၀ကျော်တွင် ဟယ်ရီကိန်းသည် လူစားလဲခံခဲ့ရ ပြီး နောက်ပိုင်းစတုတ်စီးတီးဘက်မှ ချေပဂိုးနှစ်ဂိုး ပြန်လည်သွင်းယူကာ ပွဲအပြီးတွင် သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

သို့သော်ဟယ်ရီကိန်းသည် ယခုနှစ်ဘောလုံးရာသီတွင်သွင်းဂိုးတစ်ဂိုးမျှ သွင်းယူနိုင်ခြင်းမရှိသေးသလို တိုက်စစ်မှူး ဆိုဒါလ်ဆိုကိုလည်း ဗီလာရီးယဲလ်သို့ ပြောင်းရွှေ့ခွင့်ပေးပြီးဖြစ်သောကြောင့် စပါးအသင်းအနေဖြင့်တိုက်စစ်မှူး တစ်ဦးအား မဖြစ်မနေထပ်မံအားဖြည့်ခေါ်ယူရတော့မည်ဖြစ်သည်။ ထို့ပြင် တိုက်စစ်မှူးအဒီဘာယောကိုလည်း ကလပ်အသင်း၏ အနာဂတ်အစီအစဉ်တွင် ထည့်သွင်းထားခြင်းမရှိရာ လတ်တလောတွင် တိုက်စစ်ပြဿနာရင်ဆိုင်နေရခြင်း ဖြစ်သည်။

ပိုချက်တီနိုက ဟယ်ရီကိန်းအနေဖြင့် ပွဲချိန်၆၅မိနစ်သာ ဝင်ရောက်ကစားရန် အဆင်ပြေနိုင်မည်ဟု ယူဆသဖြင့် လူစားလဲခဲ့ခြင်းဖြစ်ကြောင်း၊ လိုင်ယွန် တိုက်စစ်မှူး ကလင်တန်အင်န်ဂျီကို ယခုရက်သတ္တပတ်အတွင်းအပြီးသတ်ခေါ်ယူ နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စပါးအသင်းအနေဖြင့် တိုက်စစ်ပြဿနာကြုံတွေ့ ရမည်မဟုတ်ကြောင်း ဆိုခဲ့သည်။

**မေလဲ့သင်း**

# မန်ယူသို့ပြောင်းရွှေ့မည့်ကိစ္စအား ပက်ဒရိုပြန်လည်သုံးသပ်




ဘာစီလိုနာတောင်ပံတိုက်စစ်မှူး ပက်ဒရို အနေဖြင့် မန်ယူနည်းပြ ဗန်ဟားလ်၏ စီမံအုပ်ချုပ်မှု ပုံစံကြောင့် မန်ယူသို့ပြောင်းရွှေ့မည့် ကိစ္စရပ်အား ပြန်လည်ဆန်းစစ်နေသည်ဟု စပိန်မှ လာသောသတင်းများကဖော်ပြသည်။ အသက် (၂၈) နှစ်အရွယ်ရှိပက်ဒရိုသည် အစောပိုင်းက ဥရောပစူပါဖလားပွဲစဉ်အပြီးတွင် မန်ယူသို့အပြီးသတ်ပြောင်းရွှေ့ရန် စီစဉ်ထားခဲ့သော်လည်း ယခုထိပြီးမြောက်သည့် အပြောင်းအရွှေ့တစ်ခုဖြစ်မလာသေးပေ။

စပိန်ကစားဖော်များဖြစ်သည့် ဒီဂီယာနှင့် ဗဲဒက်စ်တို့အပေါ်ပြုမူဆက်ဆံသည့် ဗန်ဟားလ်၏ စီမံခန့်ခွဲမှုများကြောင့် ပက်ဒရိုအနေဖြင့် မန်ယူသို့ပြောင်းရွှေ့ရန် နှောင့်နှေးနေခြင်းဖြစ်သည်။ အထူးသဖြင့် ဗဲဒက်စ်နှင့် ပက်ဒရိုတို့သည် ဘာစီလိုနာတွင် ခုနစ်နှစ်တာကာလတိုင် အတူတကွတွဲဖက်ကစားဖူးသည့် ကစားဖော်များဖြစ်ရာ လပိုင်းအတွင်းမှာပင် ဗန်ဟားလ်နှင့် ပြဿနာတက်ခဲ့ခြင်းကြောင့် အသင်းပြောင်းရွှေ့ရန် စီစဉ်နေရသည့် ဗဲဒက်စ်၏ကိစ္စနှင့် ပတ်သက်၍ ပက်ဒရိုက ပိုမိုအလေးနက်ထားစဉ်းစားလာခြင်း ဖြစ်သည်။

ထို့ပြင် ဒီဂီယာကိုလည်း မန်ယူအတွက်ဝင်ရောက်ကစားရန်စိတ်ပိုင်းဆိုင်ရာ အနေအထား အလုံးစုံမပြည့်ဝသေးဟူသော အကြောင်းပြချက်ဖြင့် ပရီမီယာလိဂ်ပွဲစဉ်နှစ်ပွဲလုံးတွင် ဝင်ရောက်ကစားခွင့်မပေးခဲ့ရာ ဗန်ဟားလ်၏စီမံခန့်ခွဲမှုအပေါ် ဘာစီလိုနာအားကစားဒါရိုက်တာတစ်ဦးကပင် ဝင်ရောက်ဝေဖန်ခဲ့သေးသည်။

“ အမှန်တော့ပက်ဒရိုဟာ ဘာကာကနေ မထွက်ခွာချင်ပါဘူး။ ဒါပေမယ့်သူ့အတွက်အဓိကပြဿနာက ဒီထက်ပိုမိုကစားခွင့်ရဖို့လိုအပ်နေတာပါ။ ဒါကြောင့် ပရိသတ်တွေကလည်းသူ့ရဲ့ အခက်အခဲကိုနားလည်ထားတော့ သူ့ကို ဘယ်သူကမှ အပြစ်မတင်ပါဘူး” ဟု ဘာစီလိုနာနည်းပြအင်းနရစ်က ပက်ဒရိုနှင့်ပတ်သက်ပြီးမှတ်ချက်ပြုပြောကြားခဲ့သည်။

ဒီမာရီယာ၊ ဖယ်လ်ကာအိုနှင့်ဗန်ပါစီတို့ ခြေစွမ်းပိုင်းရှန်းကန်နေရချိန်တွင် ပြုမူခဲ့သော ဗန်ဟားလ်၏ လုပ်ကိုင်ဆောင်ရွက်ပုံများအပေါ်တွင်လည်း ကာယကံရှင်ကစားသမားများက မကျေနပ်သောကြောင့် အခြားကလပ် အသင်းများသို့ အသီးသီးပြောင်းရွှေ့ခဲ့ကြပြီးဖြစ်သည်။

**မေလဲ့သင်း**

# မော်ရင်ဟိုလိုချင်နေတဲ့ ဂျွန်စတုန်း ချယ်လ်ဆီးကို ရောက်လာပါ့မလား



ချယ်လ်ဆီးနည်းပြကြီး မော်ရင်ဟိုကတော့ အဲဗာတန်အသင်းရဲ့ ဗဟိုခံစစ်မှူးဖြစ်တဲ့ ဂျွန်စတုန်းကို ခေါ်ယူဖို့ အလိုရှိနေခဲ့တာဟာ အတော်ကြာခဲ့ပါပြီ။ မော်ရင်ဟိုဟာ ဂျွန်စတုန်းကိုခေါ်ယူဖို့ နှစ်ကြိမ်တိုင်တိုင်ကမ်းလှမ်းမှုတွေ ပြုလုပ်ခဲ့ပါတယ်။

ဒါပေမယ့် မော်ရင်ဟိုရဲ့ ကမ်းလှမ်းလာမှုနှစ်ကြိမ်စလုံးကို အဲဗာတန်အသင်းက ပယ်ချခဲ့ပါတယ်။ အဲဒီလိုအဲဗာတန်က ငြင်းပယ်ခဲ့ပေမယ့် ချယ်လ်ဆီးနည်းပြကြီး မော်ရင်ဟိုကတော့ ဂျွန်စတုန်းကို တတိယအကြိမ်ထပ်မံ ကမ်းလှမ်းဖို့ ကြိုးစားလာပြန်ပါတယ်။

အခုတတိယအကြိမ်ချဉ်းကပ်လာတာကတော့ ဂျွန်စတုန်းကို ပြောင်းရွှေ့ ကြေးပေါင် သန်း ၃၀ လောက်နဲ့ စတမ်းဖို့ဒ်ဘရစ်ချ်ကို အရောက်ခေါ်ဖို့ ပစ်မှတ်ထားလာခဲ့တာပဲဖြစ်ပါတယ်။ အဲဗာတန်နည်းပြ မာတီနက်ဇ်ကတော့ ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ဘယ်လိုဈေးနှုန်းတွေပေးနေပါစေ အသင်းရဲ့ ဗဟိုခံစစ်ပိုင်းမှာ စိတ်ချရတဲ့ ကစားသမားလို့ သတ်မှတ်ထားလို့ ဂျွန်စတုန်းကိုတော့ ဘယ်တော့မှ ရောင်းမှာမဟုတ်ဘူးဆိုပြီး ပြတ်ပြတ်သားသား ပြောကြားထားခဲ့ပါတယ်။

အင်္ဂလန်လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်တဲ့ ဂျွန်စတုန်းကို ချယ်လ်ဆီးအသင်းက ခေါ်ယူဖို့ စီစဉ်နေတဲ့ အချိန်မှာပဲ မန်ချက်စတာမြို့ခံနှစ်သင်းဖြစ်တဲ့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ကလည်း သူတို့အတွက် လိုအပ်နေတဲ့ နောက်တန်းခံစစ်ပိုင်းကို အားဖြည့်ဖို့ အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းကို အလိုရှိလို့နေခဲ့ပြန်ပါတယ်။

အဲဒီလို ဂျွန်စတုန်းကို မန်ချက်စတာမြို့ခံနှစ်သင်းက အလိုရှိနေခြင်းဟာ ဂျွန်စတုန်းကို ခေါ်ယူမှုနဲ့ ပတ်သက်ပြီး ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကို ခေါင်းရှုပ်စေခဲ့ခြင်းလို့ဆိုရလေးမလား။ ဘာ့ကြောင့်လဲဆိုရင် မော်ရင်ဟိုအနေနဲ့ ဂျွန်စတုန်းကိုခေါ်ယူဖို့ နှစ်ကြိမ်ကြိုးစားခဲ့တာဟာ အရာမထင်ခဲ့သလို အခုတတိယတစ်ကြိမ်ကမ်းလှမ်းမှုကိုပါ အဲဗာတန်အသင်းက ငြင်းပယ်သွားလေမလားဆိုတာရယ် ဒါမှမဟုတ် ဂျွန်စတုန်းကို မန်ချက်စတာမြို့ခံနှစ်သင်းက လက်ဦးမှုရရှိသွားမှာလားဆိုတာရယ်စတဲ့ စိုးရိမ်မှုတွေ ချယ်လ်ဆီးနည်းပြကြီးမော်ရင်ဟို၏ အတွေးနယ်ပယ်ထဲကို ရိုက်ခတ်လို့လာခဲ့ပါတယ်။

အခုလက်ရှိမှာ မန်ချက်စတာမြို့ခံနှစ်သင်းကလည်း ဂျွန်စတုန်းကိုခေါ်ယူဖို့ လျှို့ဝှက်ကမ်းလှမ်းမှုတွေလုပ်နေတယ်လို့ သတင်းတွေက ဖော်ပြလာတယ်။ မန်ယူအသင်းအနေနဲ့ နောက်တန်းခံစစ်ပိုင်းအတွက် ရီးယဲလ်မက်ဒရစ်နောက်ခံလူ ရာမို့စ်ကို ခေါ်ယူဖို့ အချိန်အတော်လေးပေးပြီး စီစဉ်ခဲ့ပါသေးတယ်။ ဒါပေမယ့် မန်ယူရဲ့ ရာမို့စ်ကို ကမ်းလှမ်းမှုက သဲထဲရေသွန်သလိုဖြစ်ခဲ့ရတယ်။ ဒါ့ကြောင့် မန်ယူရဲ့ပစ်မှတ်ဟာ ဂျွန်စတုန်းဘက်ကို ပြန်လှည့်လာတယ်။

ဂျွန်စတုန်း၊ ဘာကလေစတဲ့ကစားသမားတွေဟာ အဲဗာတန်ရဲ့အနာဂတ်ကို ဖန်တီးပေးနိုင်မယ့် နောက်ခံလူတွေအဖြစ် နည်းပြမာတီနက်ဇ်က သတ်မှတ်ထားတာကြောင့် ချယ်လ်ဆီးက ဂျွန်စတုန်းကို တတိယအကြိမ်ထပ်မံ ကမ်းလှမ်းဖို့ စီစဉ်လာတာတောင်နည်းပြ မာတီနက်ဇ်အနေနဲ့ အတော်လေးဒေါသထွက်မိတယ်လို့ ဖွင့်ဟပြောကြားခဲ့ပါသေးတယ်။

ဒါ့ကြောင့် အဲဗာတန်နောက်ခံလူ ဂျွန်စတုန်းဟာ လက်ရှိကစားနေတဲ့ အဲဗာတန်မှာပဲ ဆက်ရှိနေမလား။ ဒါမှမဟုတ် မန်ယူ၊ မန်စီးတီး စတဲ့ မန်ချက်စတာမြို့ခံအသင်းတွေဆီကို ဂျွန်စတုန်းရဲ့ ခြေလှမ်းတွေယိမ်းယိုင်သွားမလား။ ဒါမှမဟုတ် နည်းပြကြီးမော်ရင်ဟိုရဲ့ တတိယအကြိမ်ကမ်းလှမ်းလာခြင်းကပဲ အောင်မြင်မှုတစ်ခုဖြစ်သွားလေမလားဆိုတာ အခုနွေရာသီအပြောင်းအရွှေ့ဈေးကွက်ပိတ်သိမ်းမယ့် စက်တင်ဘာ ၁ ရက်မတိုင်မီ စိတ်ဝင်စားဖွယ်စောင့်ကြည့်ကြပါစို့လား . . .

**နိုင်လင်းကြည်**

## အားကစားလောက သတင်းတိုများ

- ရိုးမားအသင်းသည် ချယ်လ်ဆီးနောက်ခံလူဇူးမားအတွက်ပြောင်းရွှေ့ကြေးပေါင် ၂၂သန်းဖြင့် ကနဦးကမ်းလှမ်းမှုပြုခဲ့သည်။
- ဘိုင်ယန်တိုက်စစ်မှူးသောမတ်စ်မူလာအနေဖြင့် ယခုနှစ်နွေဈေးကွက်မပိတ်သိမ်းမီမှာပင် မန်ယူသို့ အပြီးသတ်ပြောင်းရွှေ့ရန်ဆန္ဒရှိနေသည်ဟု ဒေးလီးအိပ်စ်ပရက်စ်ကဖော်ပြသည်။
- အာဆင်နယ်နည်းပြ ဝင်းဂါးက အာဆင်နယ်ကစားသမားများ၏ စွမ်းဆောင်ရည်မှာ အလွန်ကောင်းမွန်သောကြောင့်အသင်း၏ လတ်တလောရလဒ်များအပေါ်မည်သည့်အခါကမျှပင် သံသယမရှိခဲ့ကြောင်းဆိုခဲ့သည်။
- ကလပ်အသင်းအတော်များများကအလိုရှိနေသော ပီအက်စ်ဂျီနောက်ခံလူ ဗန်ဒါဝီအား ပီအက်စ်ဂျီက နှစ်နှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုခဲ့ခြင်းကြောင့် ၂၀၁၈ အထိ ပီအက်စ်ဂျီအသင်းမှာပင် ဆက်ရှိနေမည်ဖြစ်သည်။
- မန်စီးတီးအသင်းသည် ဝုဖ်ဘတ်အသင်းမှ ဒီဘရူနီအတွက် ပေါင်သန်း၅၀အထိ သုံးစွဲရန် အသင့်ရှိနေသည်။
- အကယ်၍ နောက်ခံလူ ဂျွန်စတုန်းအသင်းပြောင်းရွှေ့ခဲ့လျှင် အဆင်သင့်အစားထိုးနိုင်ရန်ရေးဗားပလိတ်နောက်ခံလူမော်ရီအား ခေါ်ယူရန် အဲဗာတန်အသင်းမှ ချိတ်ဆက်မှုများပြုလုပ်နေကြောင်းသိရသည်။
- မိုနာကိုနောက်ခံလူကာဇာဝါက ၎င်းအားလီဗာပူးနှင့် စပါးအသင်းတို့မှ ခေါ်ယူရန်ကမ်းလှမ်းထားသော်လည်းပရီမီယာလိဂ်အသင်းများထက် လီဂူး-၁ ပြိုင်ဘက် ပီအက်စ်ဂျီသို့သာ ပြောင်းရွှေ့ရန်ပိုမိုစိတ်ဝင်စားသည်ဟု ဆိုခဲ့သည်။
- ရီးယဲလ်မက်ဒရစ်အသင်းသည် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့မှ ခေါ်ယူရန် စိတ်ဝင်စားနေသော စပို့တင်းလစ္စဘွန်းကစားသမား ဝီလီယံကာဗယ်လ်ဟိုအား ပြောင်းရွှေ့ကြေးပေါင်၃၂သန်းဖြင့်ခေါ်ယူရန် ချိတ်ဆက်ကမ်းလှမ်းထားကြောင်းသိရသည်။

# အာစင်ဝင်းဂါး၏အနိုင်ရရှိမှုမှတ်တမ်းအား မော်ရင်ဟိုလှောင်ပြောင်

မော်ရင်ဟိုက အာဆင်နယ်၏ဖလားလက်မဲ့ရာသီအဓိကတရားခံမှာ အာစင်ဝင်းဂါးဖြစ်ပြီး ၁၀စုနှစ်တစ်ခုကျော်ကြာ အဓိကချန်ပီယံဆုဖလားများနှင့် ဝေးကွာနေသော်လည်း နည်းပြအပြောင်းအလဲမပြုလုပ်သည့် အသင်းဘုတ် အဖွဲ့ဝင်များ၏ ဆုံးဖြတ်ချက်အပေါ် အံ့သြမိကြောင်း ဆိုခဲ့သည်။ဝင်းဂါးသည် အာဆင်နယ်အသင်းအား ၁၉၉၆ခုနှစ်ကတည်းက ကိုင်တွယ်ခဲ့သူဖြစ်ပြီး နှစ်ရာသီဆက်တိုက်အက်ဖ်အေဖလားရရှိခဲ့သော်လည်း ပရီမီယာလိဂ်ဖလားအား ၂၀၀၄ခုနှစ်ကသာ နောက်ဆုံးဆွတ်ခူးထားခြင်းဖြစ်ရာ မော်ရင်ဟိုက အထက်ပါအတိုင်းလှောင်ပြောင်ခဲ့ခြင်းဖြစ်သည်။

မော်ရင်ဟိုက ပြီးခဲ့သည့်၂၀၁၄ဖေဖော်ဝါရီလကပင် ဝင်းဂါးအား“ အရှုံးတို့၏ဘုရင်” ဟုအမည်နာမတပ်ကာ လှောင်ပြောင်ခဲ့ရာ ဝင်းဂါးက မော်ရင်ဟိုမှာ အများသူငါအားလေးစားမှုမရှိ ရန်စတတ်သူဟု ပြန်လည်စွပ်စွဲခဲ့သည်။ ယင်းနောက်ပိုင်း မော်ရင်ဟိုနှင့် ဝင်းဂါးတို့ကြား ဆက်ဆံရေးအေးစက်လာခဲ့ပြီး ၎င်းတို့နှစ်ဦးကြား စကားစစ်ထိုးမှုကို မီဒီယာစာမျက်နှာများထက်တွင်မကြာခဏမြင်တွေ့နေရခြင်းဖြစ်သည်။

ပရီမီယာလိဂ်ရာသီကြိုပွဲစဉ်အဖြစ် ကစားခဲ့သော ကွန်မြူနတီဖလားပြိုင်ပွဲအပြီးတွင် မော်ရင်ဟိုက ဝင်းဂါးအားလာရောက်နှုတ်ဆက်ခြင်းမရှိခဲ့ဘဲ ခြေစွမ်းကောင်းသောအသင်းက ခံစစ်ဦးစားပေးအသင်းအား ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုခဲ့သေးသည်။

**ရိုင်ယန်ဟောဒင်**

# ကော့သောင်းမြို့နယ် ကျေးရွာပြည်သူများ လက်လုပ်သေနတ်(ယမ်းထောင်း)များ လာရောက်အပ်နှံ



**ကော့သောင်း ဩဂုတ် ၁၆**

တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးလုပ်ငန်းများအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနမှ တရားမဝင် လက်နက်ခဲယမ်းများ ပြည်သူများ လက်ဝယ်ထားရှိခြင်းမပြုလုပ်ဘဲ သက်ဆိုင်ရာသို့အပ်နှံပေးနိုင်ရန်နှင့် တွေ့ရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာချက်နှင့်ပတ်သက်၍ ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့မှ ကော့သောင်းမြို့အတွင်းရှိ ကျေးရွာများ၊ ဥယျာဉ်ခြံမြေစိုက်ပျိုးသူများ နေထိုင်ရာဒေသများအထိ ဟောပြောပွဲများပြုလုပ်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေအသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်မှုကြောင့် ဩဂုတ်လဒုတိယပတ်အတွင်း ကျေးရွာပြည်သူတချို့ လက်နက်များ လာရောက်အပ်နှံလျက်ရှိကြောင်း သိရသည်။

အဆိုပါ လက်လုပ်သေနတ် ဒေသအခေါ် (ယမ်းထောင်း) သေနတ်များ လာရောက်အပ်နှံမှုတွင် ကော့သောင်းမြို့နယ် ချန်းဖန်းကျေးရွာမှ လက်လုပ်သေနတ်(ယမ်းထောင်း) ၁၄ လက် ပြောင်းတစ်ခု၊ ဘန်းကချွန်ကျေးရွာမှ ၁၀ လက်၊ ပြောင်းတစ်ခုတို့ကို လာရောက်အပ်နှံပေးခဲ့ပြီးဖြစ်သည်။ မြို့နယ်အတွင်းကျန်ရှိသည့် ကျေးရွာများမှ ပြည်သူများအား မိမိတို့လက်ဝယ်ထားရှိသည့် သေနတ်များရှိပါက အမြန်ဆုံး လာရောက်အပ်နှံကြရေး ကော့သောင်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိသည်။

မုဆိုးအလုပ်ဖြင့် အသက်မွေးသူနှင့် ဥယျာဉ်ခြံမြေ လုပ်ကိုင်ကြသည့် ကျေးလက်ပြည်သူတချို့သည် မိမိတို့စိုက်ပျိုးထားရှိသည့် ဥယျာဉ်ခြံမြေသီးနှံများအား ဝင်ရောက်ဖျက်ဆီးတတ်သည့် တောရိုင်းတိရစ္ဆာန်များ ဘေးရန်ကာကွယ်ရန်အတွက် ယခုကဲ့သို့လက်လုပ်သေနတ် (ယမ်းထောင်း)များ ဆောင်ထားလေ့ရှိရာ ဥပဒေအရ လက်နက်ကိုင်ဆောင်ခွင့်(ပါမစ်)ရှိမှသာလျှင် တရားဝင်ကိုင်ဆောင်ခွင့်ရှိပြီး တရားမဝင် လိုင်စင်မဲ့လက်နက်ကိုင်ဆောင်ပါက ၁၉၅၁ ခုနှစ်၊ လက်နက်များ(ယာယီ)ပြင်ဆင်ချက် အက်ဥပဒေပုဒ်မ ၁၉-က အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ်များ ချမှတ်နိုင်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

❖ ❖ ❖

# မကွေးမြို့တွင် ရွှေနှင့်ငွေ၊ ဖုန်း၊ ဟန်းဆက်ပါ တန်ဖိုးကျပ် ၂၇၀၀၀၀၀ ကျော် အခိုးခံရ

**မကွေး ဩဂုတ် ၁၆**

မကွေးမြို့ သစ်တောလမ်း အောင်မေတ္တာ(ခ)ရပ်ကွက်နေ ဒေါ်စိုးစိုး(၃၆)နှစ်သည် ဩဂုတ် ၁၃ ရက် ည ၁၁ နာရီက နေအိမ်အိပ်ခန်းအတွင်း အိပ်ရာဝင်ခဲ့ပြီး ဩဂုတ် ၁၄ ရက် နံနက် ၄ နာရီတွင် အိပ်ရာနိုးစဉ် အဆိုပါအိပ်ခန်းဗီရိုအတွင်းမှ အဝတ်အစားများ အပြင်ရောက်နေသဖြင့် ပစ္စည်းများအား စစ်ဆေးကြည့်ရာ ဗီရိုအတွင်းမှ ပတ္တမြားဆွဲသီးပါ ဗားတိုက်ပုံ ရွှေဆွဲကြိုးတစ်ကုံး၊ နေအိမ်ဧည့်ခန်း ဗီရိုအပေါ်မှ ဆင်းကတ်ပါဟန်းဆက် တစ်လုံး၊ နေအိမ်အိပ်ခန်းအတွင်းမှ မိန်းမကိုင်ပိုက်ဆံအိတ်အတွင်းမှ ရွှေကြယ်သီးငါးလုံး၊ ငွေဖြည့်ကတ် ကျပ် ၈၀၀၀၀ ဖိုး၊ ငွေစက္ကူရောရာ ၇၂၀၀၀၀တို့ ပျောက်ဆုံးသွား၍ ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးရန် ဒေါ်စိုးစိုးက တရားလိုပြုတိုင်တန်းသဖြင့် မကွေးနယ်မြေရဲစခန်းက အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

# ကျွန်းလှမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကျွန်းလှ ဩဂုတ် ၁၆**

ကျွန်းလှမြို့မရဲစခန်းမှ ဒုရဲအုပ်သိန်းထူးအောင်နှင့် တပ်ဖွဲ့ဝင်များသည် ထိန်တောကျေးရွာအုပ်စု ခဝါသည်ကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာလယ်တောအတွင်း မူးယစ်ဆေးဝါးပြုလုပ်ကြောင်း သတင်းအရ ရှာဖွေရာ လူနှစ်ဦးထွက်ပြေးသွားပြီး တဲအတွင်းမှ ဘိန်းဖြူအမှုန့်များ ထည့်လျက် သုည ဒသမ ၂၀ ဂရမ်ပါ ပင်နီစလင်ပုလင်း ၂၇ ပုလင်း(၅ ဒသမ ၄ ဂရမ်)၊ ပန်းရောင်ဆပ်ပြာခွက်အတွင်း ဖြူဝါရောင်အမှုန့် ၁၂ ဂရမ်၊ အပြာရောင် ဆပ်ပြာခွက်အတွင်း ဖြူဝါရောင်အမှုန့်များ ၁၁ ဒသမ ၈ ဂရမ်၊ အစိမ်းရောင် ဆပ်ပြာခွက်အတွင်း ဖြူဝါရောင်အမှုန့် ၁ ဒသမ ၂၅ ဂရမ်၊ ဆင်းကတ်ပါ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေစက္ကူရောရာ ၆၉၀၀၀ တို့ကို သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါလယ်တောတဲအတွင်းမှ ထွက်ပြေးသွားသော မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသူနှစ်ဦးအား ကျွန်းလှမြို့နယ် သဖန်းဆိပ်နယ်မြေရဲစခန်းက အမှုဖွင့်ပြီး ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ဆိုင်ကယ်စီးလာသူထံမှ ပိုက်ဆံအိတ်လုယူထွက်ပြေး

**မန္တလေး ဩဂုတ် ၁၆**

ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ရပ်ကွက်နေ ဒေါ်ရီရီလွင်သည် ဆိုင်ကယ်ဖြင့် သမီးဖြစ်သူနှင့်အတူ ဩဂုတ်၁၃ရက်က (၇၈)လမ်းအတိုင်း မောင်းနှင်လာရာ အမျိုးသားနှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်က ဒေါ်ရီရီလွင် ဆိုင်ကယ်လက်ကိုင်တွင် ချိတ်ထားသည် လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၆၂၄၀၀၀ခန့်ပါ ပိုက်ဆံအိတ်အား ဆွဲယူထွက်ပြေးခဲ့သည်။ ဒေါ်ရီရီလွင် မောင်းသည့်ဆိုင်ကယ်မှာ လဲကျပြီး ဒေါ်ရီရီလွင်နှင့် သမီးမမေမြတ်သင်းခိုင်တို့မှာ ပွန်းပဲ့ဒဏ်ရာများရခဲ့သဖြင့် အမှတ်(၁၁)နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

**နေပြည်တော် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာအနီး မကွေး-တောင်တွင်းကားလမ်း မိုင်တိုင်အမှတ်(၃/၃)အနီးတွင် ဩဂုတ် ၁၄ ရက် ည ၇ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့က ဆားတိုင်ကန်ကျေးရွာမှ မကွေးမြို့သို့ သင်ကြားရေးဆေးရုံလမ်းအတိုင်း မကွေးမြို့

# လမ်းဘေးတွင်ရပ်ထားသည့် (၁၀)ဘီးယာဉ်နှင့် ယာဉ်မောင်းအား ဆိုင်ကယ်ဝင်တိုက်

မကွေးတက္ကသိုလ်ဝင်းနေ မဆုသက်ထားခိုင်(၁၇)နှစ် မောင်းနှင်ပြီး အတူနေ မဖြူမာဝင်း(၁၇)နှစ် လိုက်ပါလာသော ၄၆ယ/---ဆိုင်ကယ်သည် မကွေး-တောင်တွင်းကားလမ်းပေါ်သို့ ချိုးကွေ့စဉ် မိုင်တိုင်အမှတ် (၃/၃) အနီး လမ်းယာဘက်ဘေးတွင်ရပ်ထားသည့် 5B/---- (၁၀)ဘီးယာဉ်၏ နောက်တွင်ရပ်နေသူ မကွေးမြို့ ရွာသစ်(၁၆)လမ်းနေ ဇော်ထွန်း(၄၃)နှစ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိကာ ယာဉ်နောက်ပိတ်တံခါး၏ ဝဲဘက်ခြမ်းအား ထပ်မံတိုက်မိခဲ့သည်။ ထိုသို့တိုက်မိမှုကြောင့် မဆုသက်ထားခိုင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မဖြူမာဝင်းနှင့်ဇော်ထွန်းတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကာ မဆုသက်ထားခိုင်အား မကွေးနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**

# စက်ပြင်စဉ် ရေစီးနှင့်မျောပါသေဆုံး

**နေပြည်တော် ဩဂုတ် ၁၆**

ကောလင်းမြို့ ပြင်ဦးလွင်ရပ်နေ ဦးမင်းထွန်း(၃၃)နှစ်သည် ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီက သဲကျောက်တင်ရန် ၎င်းပိုင် ထော်လာဂျီယာဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ဝင်းကြီးကျေးရွာအနီးရှိ သဲချောင်းကမ်းစပ်သွားရောက်ခဲ့ပြီး ၎င်းနေရာအရောက်တွင် ထော်လာဂျီယာဉ်၏ အင်ဂျင်စက်ချွတ်ယွင်း၍ပြုပြင်စဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျချောင်းရေများစီးဆင်းလာကာ ထော်လာဂျီယာဉ်နှင့်အတူ ရေထဲသို့ မျောပါသွားပြီး ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

**Pleasant Times**
Travels & Tours Co., Ltd
ဝန်ထမ်းအလိုရှိသည်
- Local Guide (ကျား၊ မ) (၁၀) ဦး အတွေ့အကြုံရှိရန်မလိုပါ။
- Office Staff (ကျား၊ မ) (၃) ဦး အတွေ့အကြုံရှိရန်မလိုပါ။

ဘွဲ့ရပြီးပြီး အသက် (၃၀) နှစ်ထက်မကျော်သူ ဖြစ်ရပါမည်၊ ဝန်ဆောင်မှုလုပ်ငန်းကို စိတ်ပါဝင်စားသူ ဖြစ်ရပါမည်၊ Computer ( Microsoft Office ) Internet & E-mail အသုံးပြုနိုင်သူ ဖြစ်ရပါမည်၊ လျှောက်ထားသူသည် CV Form၊ လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၇၃)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီးနှင့်ဆွန်းသင်လမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ 09 -730 72 661, 09 -731 58 702 ,09 - 252 872 529

**အမည်ပြောင်းလဲခြင်း**
ဦးကျော်ဆန်း[၁၂/အလန(နိုင်)၀၀၂၄၇၅]၏သမီးဖြစ်သူ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း Grade V(K) တွင် ပညာသင်ကြားနေသူ ဆုအိဝင့်အား စုံနံ့သာ ဟုအမည်ပြောင်းလဲ ခေါ်ဆိုပါရန်။
စုံနံ့သာ

**အမည်မှန်**
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပြည်တော်သာရပ်ကွက်၊ စက်မှုလယ်ယာဝင်းနေ အဖ-ဦးခင်မောင်ကြည်၏သား မောင်တင်အောင်လတ်အား မောင်တင်မောင်လတ် [၁၂/လကန(နိုင်) ၁၆၈၀၃၄] ဟုခေါ်ပါရန်။
မောင်တင်မောင်လတ်

**ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပါရန်**
၁၆-၈-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၃၀)ပါ အများသိစေရန် ကြော်ငြာအပိုဒ်(၂)တွင် ဦးသက်ထွေး(ဒါရိုက်တာ)(ဂရိတ်မာစတာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)ဟုလည်းကောင်း၊ အထွေထွေကိုယ်စားလှယ်စာ လွှဲအပ်ထားသူ ဦးအေးရွှေ(ခ) မိုဟာမက်အဘူသာလိဗ်[၁၂/ကတတ(နိုင်) ၀၁၉၃၀၀]ဟု လည်းကောင်း ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

**ဦးအောင်ဟိန်းကျော်**
ဈေး၊ ပြော၊ ဘာသာပြန် စာအုပ်(လုံး၀)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ(Ceritificate/Diploma)
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်
▪ 392468
09517184

**ဟိုတယ်လုပ်ငန်းရှင်များသိရှိစေရန်**
ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအစီစဉ်ဖြင့် ကယားပြည်နယ်တွင် ဟိုတယ်ဆောက်လုပ်ငှားရမ်းလိုသော လုပ်ငန်းရှင်များအတွက် ရှုခင်းအလွန်လှပသော လွိုင်ကော်မြို့လယ်ရှိ ဘီလူးချောင်းဘေးတွင် (၂)ဧကကျယ်သော မြေကွက်ကိုဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းပါမည်။
ဖုန်း ၀၉-၂၆၁၄၄၇၀၂၉၊ ၀၉-၅၃၇၂၃၇၀၊ ၀၉-၂၅၄၃၃၁၆၄၇
၀၉-၃၆၄၄၉၃၆၃၊ ၀၉-၅၁၁၃၈၆၃၊ ၀၉-၇၃၁၇၉၉၉၄

မျိုး 380164 09 5017088 09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်အငှားကားမျိုးစုံ ငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။

**သွေးသည် အသက်**

RUBY ကားစီးလုံးငှားသည် 519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**မူးယစ်ဆန့်ကျင် အောင်ပွဲဆင်**

**Y.E.S.** Since 1994
International English Language Centre
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊ အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

| Course / Schedule | Start |
|---|---|
| **Basic Spoken English** | |
| Mon to Thurs-5:30-7:00 pm | 3 Aug |
| Sat & Sun - 9:00-12:00 am | 8 Aug |
| Mon to Thurs-7:30-9:30 am | 10 Aug |
| Mon to Thurs-10:00-12:00am | 10,24Aug |
| Sat & Sun - 12:30-3:30 pm | 15 Aug |
| MontoThurs 1:00-3:00-5:00pm | 17,24Aug |
| Mon to Thurs-7:30-9:30 am | 24 Aug |
| **Pre-Intermediate English** | |
| Mon to Thurs-10:30-12:30 am | 10 Aug |
| Sat & Sun - 12:30-3:30 pm | 22 Aug |
| MontoThurs 1:00-3:00pm | 24 Aug |
| Mon to Thurs-5:00-7:00 pm | 24 Aug |
| **Intermediate English** | |
| Mon to Thurs-1:00-3:00 pm | 10 Aug |
| **Grammar Foundation Course** | |
| Sat & Sun - 9:00-12:00am | 15 Aug |
| Mon to Thurs - 1:00-2:30 pm | 31 Aug |
| Mon to Thurs - 3:30-5:00 pm | 31 Aug |
| **Structure & Written Expression** | |
| Mon to Thurs-4:00-5:30pm | 3 Aug |
| Mon to Thurs-5:30-7:00pm | 10 Aug |
| Sat & Sun - 3:30-6:30pm | 15 Aug |
| Mon to Thurs - 1:00-3:00 pm | 24 Aug |
| **Basic Writing Course** | |
| San & Sun - 12:30 - 3:30 pm | 8 Aug |

TOEFL,SAT,IELTS,API,AWC,VEC
No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910

# ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာများ သင်ကြားပေးနေ



**ရန်ကုန် ဩဂုတ် ၁၆**

၂၀၁၄ ခုနှစ်မှစ၍ ဗြိတိသျှကောင်စီနှင့် UK (Standard Chartered Bank) တို့ ပူးပေါင်းစီစဉ်၍ မြန်မာနိုင်ငံ၌ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ လုပ်ငန်းလုပ်ကိုင်ရာဌာနများဖြစ်သည့် မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် မုံရွာမြို့များရှိ လုပ်ငန်းရှင်ပေါင်း ၃၀၀ ကျော်အား Education for Enterpreneurs (E4E) ခေါင်းစဉ်ဖြင့် စီးပွားရေးလုပ်နိုင်ရန် အဓိကလိုအပ်ချက်ဖြစ်သည့် ဘဏ္ဍာရေးနှင့်စီးပွားရေးပညာရပ်များ အောင်မြင်စွာ သင်ကြားပေးခဲ့သည့်အကြောင်း စာနယ်ဇင်းတွေ့ဆုံရှင်းလင်းပွဲကို ရန်ကုန်တိုင်းဒေသကြီး အလံပြဘုရားလမ်း အမှတ်(၆၂) ရှိမြန်မာနိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး၏နေအိမ်၌ ဩဂုတ် ၁၄ ရက် ညနေ ၅ နာရီခွဲတွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ ဗြိတိသျှသံအမတ်ကြီးနှင့် သံရုံးတာဝန်ရှိသူများ၊ ဗြိတိသျှကောင်စီညွှန်ကြားရေးမှူးနှင့် ဗြိတိသျှကောင်စီမှ တာဝန်ရှိသူများ၊ Standard Chartered ဘဏ်ကိုယ်စားလှယ်ချုပ်နှင့် ဘဏ်တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် Standard Chartered (UK) ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်ချုပ် Ms.Tina Singhsahc နှင့် ဗြိတိသျှကောင်စီမြန်မာညွှန်ကြားရေးမှူး Director Mr. Kevin Mackenzie တို့က မြန်မာနိုင်ငံ၏ အသေးစား၊ အလတ်စား၊ အငယ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီးပွားရေးလုပ်ငန်းဦးဆောင်သူများအား မိမိတာဝန်ယူဦးဆောင်နေသောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်၊ နားလည်တတ်ကျွမ်းစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖော်ထုတ်ရန်၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိစေရန်အတွက် စီးပွားရေးပညာပေးအစီအစဉ်ကို သင်ကြားပေးရခြင်းဖြစ်ကြောင်း အသီးသီးရှင်းလင်းပြောကြား၍ စာနယ်ဇင်းများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားရှင်းလင်းခဲ့ကြောင်း သိရသည်။

အဆိုပါစီးပွားရေးပညာပေးဘာသာရပ်များ သင်ကြားပေးမှုအစီအစဉ်တွင် ငွေကြေးစီးဆင်းမှုဆိုင်ရာစီမံမှု၊ ရသုံးခန့်မှန်းတွက်ချက်ခြင်း၊ စာရင်းအင်းပညာနှင့် စီးပွားရေးစီမံကိန်းရေးဆွဲခြင်း စသည့် ဘာသာရပ်များကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် သင်ကြားပေးခဲ့သည်။ ဒုတိယအသုတ်အနေဖြင့် ပဲခူး၊ ပုသိမ်၊ ကျိုင်းတုံနှင့် ပခုက္ကူမြို့များရှိ လုပ်ငန်းရှင်များအား ဆက်လက်၍ သင်ကြားပေးသွားမည်ဟု သိရသည်။ **တင်မောင်ဦး(အလုံ)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းမှ တွေ့ရှိချက်များအား ထားဝယ်တွင် ရှင်းလင်း

**ထားဝယ် ဩဂုတ် ၁၆**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNOPS (LIFT FUND)တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းမှ တွေ့ရှိချက်များအား ရှင်းလင်းတင်ပြဆွေးနွေးခြင်းအခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်၊ ထားဝယ်ခရိုင် ကျေးလက်ဦးစီးမှူး ဦးငွေသိန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ထားဝယ်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရေး ကွင်းဆင်းဆောင်ရွက်တွေ့ရှိချက်များအပေါ် ကဏ္ဍအလိုက် ဌာနဆိုင်ရာများနှင့် ဖြည့်စွက်ဆွေးနွေး အကြံပြုခဲ့ကြသည်။

အဆိုပါကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များအား ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပါဝင်ရေးဆွဲခြင်းဖြစ်ပြီး ရွာသူ၊ ရွာသားများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှု စွမ်းရည်မြင့်မားလာစေခြင်း၊ ရပ်ရွာ၏လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များအား သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် သိရှိသဘောပေါက်နားလည်ခြင်း၊ အခက်အခဲများအား ဖြေရှင်းရန်နည်းလမ်းများကို သိရှိနားလည်ဖြေရှင်းလာနိုင်စေခြင်း အကျိုးကျေးဇူးများရရှိမည်ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအခန်းကဏ္ဍအား များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ စီမံချက်ရေးဆွဲခြင်း ပထမအဆင့်အနေဖြင့် တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၄ မြို့နယ်တွင် ကျေးရွာပေါင်း ၁၇၀ ကို တစ်ပြိုင်တည်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

# ရေဘေးသင့် မျက်မမြင်အဘွားအား ဆန်နှင့် အလှူငွေ ထောက်ပံ့လှူဒါန်း

**ကနီ ဩဂုတ် ၁၆**

ဆွေမျိုးသားချင်းအရင်းအချာမရှိ၍ ရေကြီးမှုဖြစ်ပွားစဉ် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသန်းဝင်းနှင့် ကျေးရွာပြည်သူလူထုမှ ကူညီစောင့်ရှောက်မှုပေးထားသော စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မဲဒင်ကျေးရွာမှ အသက်(၉၇)နှစ်ရှိ မျက်စိမမြင်သောအဘွားဒေါ်စောတင်မအား မြို့နယ်နှင့်တာဝန်ရှိသူနှင့် အဖွဲ့အစည်းများက အလှူငွေတစ်သိန်း၊ ဆန်၊ အားဆေးနှစ်လစာနှင့် အခြားစားသောက်ဖွယ်ရာပစ္စည်းများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အသက်(၉၇)နှစ်ရှိ အဘွားဒေါ်စောတင်မမှာ ဆွေမျိုးသားချင်းအရင်းအချာမရှိသဖြင့် ရေကြီးမှုကြောင့် နွံများတင်နေသည့် အဘွားနေထိုင်သော တဲအိမ်ကလေးကို ကျေးရွာမှ ဝိုင်းဝန်းသန့်ရှင်းရေးများ ဆောင်ရွက်ပေးပြီး ယခုအဘွားမှာ အဆိုပါတဲအိမ်တွင် တစ်ယောက်တည်းနေထိုင်လျက်ရှိကြောင်း ကျေးရွာရှိပြည်သူများက ပြောသည်။

အဘွားဒေါ်စောတင်မအား ယင်းကျေးရွာနေ ဒေါ်ထွေးမက ထမင်းနှင့် စားသောက်စရာများကို နေ့စဉ်ဆောင်ရွက်ပေးပြီး ဒေါ်သိမ့်က အဘွား၏အဝတ်အစား လျှော်ဖွတ်၍ပြုစုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန်းဌွေးအောင်(ကနီ)**

# မိုးညိုမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ လူသုံးကုန်ပစ္စည်းနှင့် အစားအသောက်များ လာရောက်လှူဒါန်း

**မိုးညို ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်ရှိ တစ်ဆွဲကျေးရွာ မှဲ့ကတန်(အရှေ့) မှဲ့ကတန်(အနောက်) ကျေးရွာများရှိ ရေဘေးဒဏ်ခံစားနေရသူများထံသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် စတုဒိသာကရုဏာရှင် ပရဟိတအဖွဲ့၏ ဦးစီးနာယကဆရာတော် ဘဒ္ဒန္တကုသလာနှင့် အမှတ်(၁) UE တိုးချဲ့ (ဒဂုံအရှေ့) ရပ်ကွက်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့က ရပ်ကွက်နေပြည်သူများ စုပေါင်းလှူဒါန်းကြသော ပစ္စည်းများကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့လှူဒါန်းရာတွင် တစ်ဆွဲကျေးရွာသို့ ဆန် ၂၀ အိတ်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ တိုင်းရင်းဆေးများနှင့် ရေသန့်ဘူးများအားလည်းကောင်း၊ မှဲ့ကတန်(အရှေ့) ကျေးရွာကို ဆန် ၃၅ အိတ်နှင့် ထောက်ပံ့ရေးပစ္စည်းများ၊ မှဲ့ကတန်(အနောက်)ကျေးရွာကို ဆန် ၃၅ အိတ်နှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ အဆိုပါပစ္စည်းများ၏ စုစုပေါင်းတန်ဖိုးငွေမှာ ကျပ်သိန်း ၇၀ ကျော်ရှိကြောင်း သိရသည်။

**(၅၉၈)**

## ရွှေရတုတိပိဋက
## လေးထပ်စာသင်ကျောင်းဆောင်အသစ်
## ဆောက်လုပ်ရန်အတွက် လှူဒါန်းနိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး၊ မိုးမိတ်ကုန်းမြေ၊ တိပိဋကနိကာယကျောင်းတိုက်ကြီးအတွင်း၌ ရွှေရတု တိပိဋကလေးထပ်စာသင်ကျောင်းဆောင်အသစ် ဆောက်လုပ်နေပြီဖြစ်ပါသဖြင့် အောက်ဖော်ပြပါ နှုန်းထားများအတိုင်း ကုသိုလ်ပါဝင်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| ၁။ | ၁ ထပ်အတွက် | ကျပ်သိန်း | (၁၅၀၀) |
| ၂။ | ဓာတ်လှေကား | ကျပ်သိန်း | (၃၅၀) |
| ၃။ | ပေ(၁၆×၁၅)ပတ်လည်တစ်ခန်းလျှင် | ကျပ်သိန်း | (၁၀၀) |
| ၄။ | ၁၅ပေအတွက် | | (၁၅) သိန်း |
| ၅။ | ၁ပေအတွက် | | (၁) သိန်း |
| ၆။ | ဘိလပ်မြေတစ်အိတ် | | (၅၀၀၀) ကျပ် |
| ၇။ | ကျောက်သေးတစ်ကျင်း | | (၃၅၀၀၀) ကျပ် |
| ၈။ | ကျောက်ကြီးတစ်ကျင်း | | (၁၅၀၀၀) ကျပ် |
| ၉။ | သဲတစ်ကျင်း | | (၁၀၀၀၀) ကျပ် |

ဆက်သွယ်လှူဒါန်းရန်ဌာန

၁။ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၊ အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၂၂၂၇၇/၇၈/၇၉၊ ၀၉-၇၃၁၉၇၉၉၅၊ ၀၉-၄၂၀၀၄၀၄၉၂

၂။ မင်းကွန်းတိပိဋကနိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့ခွဲရုံး၊ ၂၆(B)လမ်း၊ ပိုက်ကျုံး၊ မန္တလေး၊ ဖုန်း-၀၂-၃၀၁၉၀၊ ၀၉-၂၁၃၁၀၄၃

၃။ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်၊ မိုးမိတ်ကုန်းမြေ၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ ဖုန်း-၀၉-၆၄၆၃၇၃၇၊ ၀၉-၂၅၆၆၂၀၆၈၆၊ ၀၉-၂၅၆၀၅၈၁၂၉

**မင်းကွန်းတိပိဋကနိကာယ၊ သာသနာပြုဥပဋ္ဌာကအဖွဲ့**

## သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
## (၁၀၃)ကြိမ်မြောက် ဝါခေါင်လ အထူးတရားစခန်းပွဲ ဖိတ်ကြားလွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ဓမ္မာရုံတော်ကြီးတွင် နှစ်စဉ်ကျင်းပပြုလုပ်သည့် (၁၀၃)ကြိမ်မြောက် ဝါခေါင်လ (၇)ရက်အထူးတရားစခန်းပွဲကို (၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၉ရက်မှ ဝါခေါင်လပြည့်နေ့အထိ)၂၄-၈-၂၀၁၅ရက်မှ ၃၀-၈-၂၀၁၅ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မြတ်စွာဘုရား၏ ဆန္ဒတော်နှင့်အညီ ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်များကို ဆရာကြီးဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဆရာကြီး ဦးသိမ်းဆွေ(ခနေဖြူ)နှင့် အရန်တရားဟော ဓမ္မကထိကများက သစ္စာသိကြောင်း အလုပ်ပေးတရားတော်များကို မဖြိုမပျက်ပဒိနည်းကျ ဟောကြားပြသပေးကြမည်ဖြစ်ပါသဖြင့် တရားစခန်းဝင်ရောက်လိုသော ယောဂီများသည် ၂၃-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၅ နာရီ ထက်နောက်မကျဘဲ ကြွရောက်ကြပါရန်၊ စခန်းပွဲသို့ဆက်သွယ်လှူဒါန်းလိုသော အလှူရှင်များနှင့် ယောဂီများအနေဖြင့် နာယက ဦးအေးကို-ဖုန်း-၀၉-၇၉၅၅၀၄၁၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး-ဖုန်း-၀၉-၉၇၀၉၃၀၀၅၅-၊ အတွင်းရေးမှူး ဦးမြင့်သန်း-ဖုန်း-၀၉-၄၃၁၃၃၉၁၃၊ ဘဏ္ဍာရေးမှူးဦးလှမျိုး-ဖုန်း-၀၉-၅၀၆၁၁၃၈၊ ဒေါ်ညိုညို-ဖုန်း-၀၉-၇၉၉၅၂၃၄၄၇၊ အမှုဆောင်ရုံးခန်း ဖုန်း-၀၉-၇၃၀၃၇၃၇၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် CATV Network လုပ်ငန်းများ တိုးချဲ့ရန်အတွက် လိုအပ်သည့် ပစ္စည်း (၄၃)မျိုးနှင့် တပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | - | ၁၈-၈-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၁၈-၉-၂၀၁၅ရက်၊ ၁၆း၀၀နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - | အင်ဂျင်နီယာဌာန(အဆောက်အအုံ)<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း၍ အခမဲ့ထုတ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ **CATV** ဌာနခွဲ၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၁၄၂၉၇၊ ၀၆၇-၄၁၄၆၆၃

ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ပြည်ထဲရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးရဲတပ်ဖွဲ့ဝင်များအတွက် ရဲဝတ်ပစ္စည်း (၇) မျိုး ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၈-၈-၂၀၁၅ ရက် |
| ၃။ | တင်ဒါပုံစံအရောင်းပိတ်မည့်ရက် | - | ၂၀-၈-၂၀၁၅ ရက် |
| ၄။ | ကုမ္ပဏီ၏အချက်အလက်တင်ပြရန်နောက်ဆုံးရက် | - | ၂၄-၈-၂၀၁၅ ရက် |
| ၅။ | တင်ဒါဖွင့်မည့်ရက်/အချိန် | - | ၂၅-၈-၂၀၁၅ ရက်၊ နံနက် ၁၀နာရီ |

၆။ တင်ဒါပုံစံများအား တစ်စောင်လျှင် ကျပ်(၁၀၀၀၀/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ ရုံးအမှတ်(၃၈)တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တယ်လီဖုန်းနံပါတ်-၀၆၇-၄၁၁၃၁၄၊ ၀၉-၄၁၀၀၁၆၈၁ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ပြည်ထဲရေးဝန်ကြီးဌာန**


မျိုးမြတ်သူ A/C Express
မန္တလေး၊ပြင်ဦးလွင် ကျောက်စိမ်းဘုရား
24 Aug 7:00pm တောင်ပြုံးပွဲနှင့်တောင်ကြီးအင်းလေး
တောင်ပြုံးပွဲတော် ၂ညအိပ် စား(ငြိမ်း) 65000
22.8 ဝင်းကျိုက်ထီးရိုး 22500
09254058712, 0931568500 လက်မှတ်ပို့ပေးသည်

V.I.P 09 73130346 09 423720047
ရွှေတောင်ပြုံး၊ ဒီသန် ၂ညအိပ်၃ရက် ၃၀၀၀၀/- Aug 24 ထွက်မည်။
ရွှေတောင်ပြုံး၊ မန္တလေး၊ ကျောက်စိမ်းဘုရား၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ၃ညအိပ်၄ရက် ၅၅၀၀၀/- Aug 24 ထွက်မည်။

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး
ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ

ရှေးမူမပျက်ခေတ်မီလှပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါ ကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/ မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါ ရရူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန် အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ နယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပျူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။
အမှတ်(၃၅) မြေညီထပ်(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့၊(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521

# ရေဘေးသင့်ပြည်သူများအတွက် သွားရောက်လှူဒါန်းထောက်ပံ့

**ချောင်းဦး ဩဂုတ် ၁၆**

ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ခဲ့သဖြင့် ချောင်းဦးမြို့နယ် အမြင့်ကျေးရွာ တာရိုးအပြင်ဘက်ရှိ လူနေအိမ်များ ရေနစ်မြုပ်ခဲ့ရာ ရေဘေးသင့်ပြည်သူများအတွက် ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ဆန်နှင့်စားသောက်ဖွယ်ရာများကို ဩဂုတ် ၁၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်ဦးစီးသော ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများက ရေဘေးသင့်ပြည်သူများအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ စုပေါင်းလှူဒါန်းကြသော ငွေကျပ် ၁၂ သိန်းကျော်တန်ဖိုးရှိ ဆန်တင်း ၂၀၊ ရေသန့်ကတ် ၃၅၀၊ ခေါက်ဆွဲခြောက် ဖာ ၁၁၀၊ မုန့်ကြွပ် ၂၁ ဖာ၊ မရွေး ဖာ ၂၃၀၊ ခေါက်ဆွဲထုပ် ၁၀ ထုပ်၊ ဓာတ်ဆားနှင့် ဆေးဝါးများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ကျော့ကျော့ခိုင်နှင့် ကျောင်းသား ကျောင်းသူများက ချောင်းဦးမြို့နယ် အမြင့်ကျေးရွာနှင့် ဆားလင်းကြီးမြို့နယ် နွှောကုတိုးကျေးရွာရှိ ရေဘေးသင့်အိမ်ထောင်စုပေါင်း ၂၂၆ စုတို့အတွက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ယုယုဝင်း**

# ဂျပန်နိုင်ငံ၏ပထမတန်းဝင် စက်ရုပ်သူရဲကောင်းများ မြန်မာရေဘေးပါဝင်ကူညီမည်

**ရန်ကုန် ဩဂုတ် ၁၆**

ဂျပန်နိုင်ငံ တိုကျိုမြို့ ခက်စုရှီကာရပ်ကွက်မှ Zerong စက်ရုပ်သူရဲကောင်းများက မြန်မာရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ စိတ်ပိုင်းဆိုင်ရာ အားဖြည့်သည့်အနေဖြင့် လည်းကောင်း၊ အလှူခံရငွေများဖြင့်လည်းကောင်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကူညီမည်ဟု သိရသည်။

ထိုစက်ရုပ်များသည် မြန်မာရေဘေးပြန်လည်ထူထောင်ရေးအတွက် ရန်ကုန်မြို့ shopping centre များတွင် အလှူခံပြီး ရလာသည့်ငွေကြေးများကို ရေဘေးသင့်ဒေသများကို ရွေးချယ်သတ်မှတ်ကာ သွားရောက်ပြီး အထူးသဖြင့် ကလေးငယ်များအတွက် စိတ်ဓာတ်မြှင့်တင်ပေးရေးနှင့် ပံ့ပိုးကူညီပေးမှုများပေးသွားမည်ဟု MMON ဒုတိယဥက္ကဋ္ဌ Tetsuya OTSUKAက ပြောသည်။ ၎င်းစက်ရုပ်များသည် မူပိုင်ခွင့်ရရှိထားပြီး ဂျပန်နိုင်ငံရှိ ပါဝါရိန်းဂျားနှင့် နင်ဂျာများကဲ့သို့ နာမည်ကြီးအဖွဲ့ ၁၀၀ စာရင်းဝင်ဖြစ်ပြီး ကလေးသူငယ်များစိတ်ဝင်စားပြီး ကလေးငယ်များကို နီတိအရ ဆုံးမသွန်သင်ပေးမှုများနှင့်အတူ အတုယူအားတက်လာစေရန် သဘောဖြင့် ဗီဒီယိုပရိုဂရမ်များရိုက်ကူးပြသခြင်း၊ ကလေးငယ်များကို ဝါသနာပါသည့် ဘောလုံးကဲ့သို့ အားကစားတွင် စိတ်အားထက်သန်လာစေရန် ကျောင်းများ၊ ဈေးဝယ်စင်တာများတွင် ပြပွဲများကျင်းပပေးခြင်းဖြင့် ကလေးသူငယ်များကို မြေတောင်မြှောက်ပေးနိုင်ရန် ရည်ရွယ်ကြောင်း ၎င်းက ပြောသည်။

**(သန့်ဇင်ဝင်း)**

# ကျောင်းကြက်ခြေနီ ရှေးဦးပြုစုနည်းသင်တန်းဖွင့်လှစ်

**ကလော ဩဂုတ် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်အောင်ပန်းမြို့ လှည်းရိုးရပ်ကွက် အမှတ်(၃)အခြေခံပညာ အလယ်တန်း (အ. ထ. က-ခွဲ) ကျောင်း၌ ကျောင်းကြက်ခြေနီ ရှေးဦးပြုစုနည်း(၂/၂၀၁၅) သင်တန်းကို ဩဂုတ် ၁၄ ရက်ကကျင်းပရာ ကျောင်းကြက်ခြေနီ သင်တန်းသားကျောင်းသား၊ ကျောင်းသူ ၅၅ ဦးအတွက် သင်ထောက်ကူရှေးဦးပြုစုကုသမှုသုံး သင်တန်းသားကိုင်ကြက်ခြေနီ ရှေးဦးပြုစုနည်းလက်စွဲစာအုပ်များ၊ စာအုပ်စာရေးကိရိယာများနှင့် အခြားသင်တန်းအသုံးစရိတ်များ သုံးထောင့်လည်စည်းများအားလုံးကို အောင်ပန်းမြို့ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးကူညီခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ကလောမြို့နယ် ကျောင်းကြက်ခြေနီအသင်းများဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ပို့ပို့၊ အောင်ပန်းမြို့အုပ်ချုပ်ရေးမှူး ဦးဉာဏ်စိုး၊ အမှတ်(၃) အလယ်တန်း အ. ထ. က(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးဝင်းခိုင်၊ ရှမ်းပြည်နယ်ကြက်ခြေနီအသင်းအုပ်ချုပ်ရေးအရာရှိ ဦးအောင်ကျော်ဦး၊ တောင်ကြီးမြို့နယ်ကြက်ခြေနီ ဒုတပ်ရင်းမှူး ဘိုနီ၊ ကလောမြို့နယ်ကြက်ခြေနီ ဒုတပ်ရင်းမှူး ဇော်သိန်းရည်၊ ပြည်နယ်နည်းပြ ဦးကိုကိုကြီး၊ အောင်ပန်းမြို့ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးကျော်လွင်ဝင်း၊ အောင်ပန်းကြက်ခြေနီတပ်ခွဲမှူး သိန်းစိုးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါကျောင်းကြက်ခြေနီရှေးဦးပြုစုနည်းသင်တန်းတွင် ကြက်ခြေနီအကြောင်းဆိုင်ရာ သီကောင်းစရာများ၊ ကမ္ဘာ့ကြက်ခြေနီသမိုင်း၊ ကြက်ခြေနီအခြေခံမူ(၇)ချက်၊ အခြေခံအသက်ကယ် အသက်ကူပြုစုနည်းများ၊ ဒဏ်ရာအမျိုးမျိုး၊ လူနာကိုင်တွယ်နည်း၊ သယ်ဆောင်နည်းအမျိုးမျိုး၊ အထွေထွေအရေးပေါ်အခြေအနေများနှင့် ရှေးဦးပြုစုနည်းသင်တန်းသင်ရိုးများကို ဩဂုတ် ၁၇ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်းသိရသည်။

**(ဝဇ္ဇ၁)**




မြန်မာနိုင်ငံလုံးဆိုင်ရာ ဆစ်(ခ်)လူငယ်ပရဟိတလူမှုကူညီရေးအဖွဲ့မှ ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့များတွင် အခြေစိုက်အဖွဲ့များဖွဲ့ကာ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများသို့ အလှူငွေများပေးအပ်လျက်ရှိကြောင်း သိရသည်။ ဆစ်(ခ်)လူငယ်ပရဟိတလူမှုကူညီရေးအဖွဲ့မှ ရေဘေးသင့်မိသားစုတစ်စုလျှင် ဆန်၊ ဆီ၊ အဝတ်အစားနှင့် ဆေးဝါး၊ ခြင်ဆေးအပါအဝင် ထောက်ပံ့ပစ္စည်း ၁၇ မျိုးပါ ထောက်ပံ့ကူညီမှုများပေးအပ်ခဲ့ပြီး တောင်ကြီးနှင့် မန္တလေးမြို့များမှ ဆစ်(ခ်) လူငယ်ပရဟိတလူမှုကူညီရေးအဖွဲ့များက မြန်မာပြည်အထက်ပိုင်း စစ်ကိုင်း၊ မုံရွာ၊ ကလေးဒေသရှိ ရေဘေးသင့်ပြည်သူများသို့ထောက်ပံ့ပစ္စည်းများအားလည်းကောင်း၊ ရန်ကုန်အခြေစိုက်ဆစ်(ခ်) လူငယ်ပရဟိတလူမှုကူညီရေးအဖွဲ့မှ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ရေလယ်တောင်ရွာနှင့် ပတ်ဝန်းကျင်ရွာများသို့လည်းကောင်း ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဆစ်(ခ်)ဘုရားကျောင်းမှ ကားများဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း ယင်းအဖွဲ့မှ ဦးသန်းဦးကပြောသည်။

သတင်းနှင့် ဓာတ်ပုံ - သန့်ဇင်ဝင်း

ရွှေခိုးစည် 50% DISCOUNT ခရီးစဉ်
■ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ၊ ပြည့်ငါးပြည့်) 65000/-
[အဆင့်မြင့် 2Starဟိုတယ်တည်း၊ စားသောက်ဆိုင်ကျွေး၊ သောကြာညထွက်-တနင်္လာနံနက်ပြန်ရောက်/ရုံးခွင့်ယူရန်မလို]
■တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်းဂူ၊ ကက္ကူ။
ရွှေတောင်မြို့ခရီးစဉ်များ 24-8-2015 ထွက်မည်
၂၅၊ပန်းဆိုးတန်းလမ်း၊အထက်လမ်း၊ရန်ကုန်မြို့။ 373275, 708342, 0949219404

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန
## ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
## ဘွဲ့လွန်ဆေးဘက်ဆိုင်ရာနည်းပညာသင်တန်းများဝင်ခွင့် လျှောက်လွှာပိတ်မည့်ရက် တိုးမြှင့်သတ်မှတ်ခြင်း

ရက်စွဲ၊၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်

၁။ ၂၀၁၆-ပညာသင်နှစ်အတွက် ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် ဖွင့်လှစ်သင်ကြားမည့် ဆေးဘက်ဆိုင်ရာ အသံလွှန်လှိုင်းဖြင့် ရောဂါရှာဖွေခြင်းနည်းပညာဒီပလိုမာ၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်ခွဲနည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ခန္ဓာသန်စွမ်းမှုနည်းပညာ)၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံ(ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ) သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူ ဝန်ထမ်းများအား ၁၁-၈-၂၀၁၅ရက် နေ့စဉ်ထုတ်သတင်းစာများတွင် လျှောက်လွှာခေါ်ယူထားရာတွင် လျှောက်လွှာပိတ်မည့်ရက်ကို မူလသတ်မှတ်ထားသည့် ၁၁-၉-၂၀၁၅ရက်(သောကြာနေ့)အစား ၂၂-၉-၂၀၁၅ရက်(အင်္ဂါနေ့)သို့ ရက်တိုးမြှင့်သတ်မှတ်၍ လျှောက်လွှာများလက်ခံမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

မှတ်ချက်။ ။ စာမေးပွဲဖြေဆိုမည့်ရက် ပြောင်းလဲမည်မဟုတ်ကြောင်း တစ်ပါတည်းကြေညာအပ်ပါသည်။

၂။ စုံစမ်းမေးမြန်းလိုပါက ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန် ပါမောက္ခချုပ်ရုံး ဖုန်းနံပါတ် ၀၁-၆၄၅၇၅၃၊ ၀၁-၆၄၅၇၄၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (သို့မဟုတ်)ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်၏ Website (www.umty.gov.mm) သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
## ပုသိမ်တက္ကသိုလ်
## ကြေညာချက်

(၁၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်လျှောက်လွှာခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်မှ အောက်ဖော်ပြပါကျောင်းသား၊ ကျောင်းသူများအား ဘွဲ့အပ်နှင်းချီးမြှင့်မည်ဖြစ်ပါသည်။

(က) ၂၀၁၃-၂၀၁၄ပညာသင်နှစ်အတွက် ၂၀၁၄ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော အတန်းတင်စာမေးပွဲကို အောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးဘွဲ့(၂၀၁၀အောင်)၊ ဥပဒေဘွဲ့(၂၀၁၀အောင်)ကျောင်းသား၊ ကျောင်းသူများ။

(ခ) ၂၀၁၄-၂၀၁၅ပညာသင်နှစ်အတွက် ၂၀၁၅ခုနှစ် မေလတွင် အောင်မြင်ခဲ့ကြသည့် မဟာသုတေသနဘွဲ့နှင့်မဟာဘွဲ့ (၂၀၀၈)အောင် ကျောင်းသား၊ ကျောင်းသူများ။

(ဂ) ၁၉၉၆-၉၇ ပညာသင်နှစ်မှစ၍ ဘွဲ့ယူရန် လျှောက်လွှာ မတင်ရသေးသော ကျောင်းသား၊ ကျောင်းသူများသည် အဝေးရောက်ဘွဲ့ လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကို ၁၄-၈-၂၀၁၅မှစတင်၍ ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင်ရယူလျက် အသစ်ရိုက်ကူးထားသော (၂လက်မ×၁½လက်မ)အရွယ် ဓာတ်ပုံ(၂)ပုံ ပူးတွဲ၍ ၁၄-၉-၂၀၁၅ရက် နောက်ဆုံးထား လျှောက်ထားရပါမည်။ (နိုင်ငံသားစိစစ်ရေးကတ်ပြားယူဆောင်လာရန်)

၃။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကို ပုသိမ်တက္ကသိုလ်ငွေလက်ခံဌာနသို့ စာတိုက်ငွေပို့လွှာ (Postal Money Order)ဖြင့် ပေးပို့၍ အောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟု ဖော်ပြပြီး လျှောက်လွှာရှင်အမည်၊ အောင်မြင်သည့်ခုနှစ်၊ အထူးပြုဘာသာ၊ စာမေးပွဲခုံအမှတ် စသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၄။ ဘွဲ့နှင်းသဘင်သို့တက်ရောက်လိုသူများသည် ဘွဲ့နှင်းကြေး(၁၅၀၀ိ/-)(ကျပ်တစ်ထောင့် ငါးရာတိတိ)နှင့် အဝေးရောက်ဘွဲ့ယူလိုသူများသည် ဘွဲ့နှင်းကြေး(၁၀၀၀ိ/-)(ကျပ်တစ်ထောင် တိတိ)ကို ပေးသွင်းရပါမည်။

၅။ ဘွဲ့နှင်းသဘင်သို့တက်ရောက်မည် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဘွဲ့တက်ရောက်ယူရာတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ (အမျိုးသား) မိမိကြိုက်နှစ်သက်ရာ ဝတ်စုံကို အပြည့်အစုံဝတ်ဆင်တက်ရောက်ရမည်ဖြစ်ပါသည်။

၇။ ဘွဲ့နှင်းသဘင်အခမ်းအနားအစီအစဉ်ကို ထပ်မံကြေညာပါမည်။

၈။ အသေးစိတ်သိရှိလိုသောအချက်များရှိပါက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနခွဲသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မော်ကွန်းထိန်း**
**ပုသိမ်တက္ကသိုလ်**

မြင့်စေတမုဝဆေးတိုက်
ခရုသင်း (သမင်ဖြူ)
LEUCODERMA
ခရုသင်း (သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူ နှင့် အရေပြားရောဂါအမျိုးမျိုးကို ကုသပေးသည်။
ဆရာဦးခင်မောင်မြင့်၊ အမှတ်-၃၊ ဗိုလ်တောက်ရိုင်ငြိမ်းရန်ကုန်အင်းစိန်လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၆၄၇၈၊ ၀၉-၇၉၈၈၆၉၁၀၉
(ဌာနခွဲ)အမှတ်(၂)၊ ၆၂လမ်း၊ ၂၈ x ၂၉လမ်းကြား၊ အောင်တော်မှုရပ်၊ မန္တလေးမြို့။ဖုန်း - ၀၂-၂၂၅၁၅

## မြန်မာနိုင်ငံဆေးကောင်စီ
## ကြေညာချက်

မြန်မာနိုင်ငံရှိ ဆေးတက္ကသိုလ်များမှ ၂၀၁၅ခုနှစ်အတွင်း ဘွဲ့ရရှိပြီးသော ဆရာဝန်များအတွက် ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင်(ဆမ) လျှောက်ထားခြင်းကိစ္စနှင့် ပတ်သက်၍ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၁) လျှောက်လွှာများကို မိမိအောင်မြင်ခဲ့သော သက်ဆိုင်ရာ ဆေးတက္ကသိုလ်များတွင် ထုတ်ယူ၍ ပြည့်စုံစွာ ဖြည့်စွက်ရန်။

(၂) လျှောက်လွှာများကို ပြည့်စုံစွာဖြည့်စွက်၍ ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင်ကြေး ငွေကျပ် ၂၅၀၀ိ/-(ကျပ်နှစ်သောင်း ငါးထောင်တိတိ)နှင့်အတူ ဘွဲ့နှင်းသဘင်ကျင်းပပြီး ၁-ပတ်အတွင်း မိမိတို့အောင်မြင်ခဲ့သော ဆေးတက္ကသိုလ်တွင်ပင် ပြန်လည်တင်သွင်းရန်။

(၃) မြန်မာနိုင်ငံဆေးကောင်စီမှ ဆေးကုသခွင့်လိုင်စင်(ဆမ)နံပါတ်များကို မိမိတို့၏ အမည်ပထမစာလုံး၏ အင်္ဂလိပ်အက္ခရာအစဉ်အတိုင်း စီစဉ်ထားပါ၍ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း မြန်မာနိုင်ငံဆေးကောင်စီ အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့တွင် သက်ဆိုင်ရာ ဆရာဝန်ကိုယ်တိုင် လာရောက်ထုတ်ယူရန်။

(၄) ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင် လာရောက်ထုတ်ယူရာတွင်-

(က) အသက်ပြည့်လဲလှယ်ပြီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) အလုပ်သင်ဆရာဝန် ပြီးဆုံးကြောင်း ထောက်ခံစာမိတ္တူ၊

(ဃ) ဆေးတက္ကသိုလ်များမှ ထုတ်ပေးသော မွေးသက္ကရာဇ်မှန်ကန်ကြောင်း ထောက်ခံစာမိတ္တူ၊

(အထက်ပါစာရွက်စာတမ်းများ ပြည့်စုံစွာတင်ပြနိုင်မှသာ ဆေးကုသခွင့်လိုင်စင် ထုတ်ယူခွင့်ပြုပါမည်။)

(၅) ဆရာဝန်မှတ်ပုံတင်နှင့် ဆေးကုသခွင့်လိုင်စင် ထုတ်ယူရမည့်နေ့ရက်များကို ထပ်မံကြေညာမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံဆေးကောင်စီ**

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ပုဆိုးတိုတို ဝတ်ထားသူများလည်း ပါကြသည်။ တူညီကြသည်ကား. . သပိတ်တပ်သား အသီးသီးသည် ရှမ်းလွယ်အိတ် ကိုယ်စီလွယ်ထားကြခြင်းသာဖြစ်၏။ လွယ်အိတ်နှုတ်ခမ်းမှ ပေါ်ထွက်နေသော ကြွေရည်သုတ် သံပန်းကန်ပြား၊ ရေပုလင်းနှင့် စောင်ခေါက်အနားတို့ကို မြင်နိုင်၏။

နတ်တော်လဆန်း ၁၁ ရက်နေ့ ညနေဖြစ်သောကြောင့် နေသည်မပြင်း၊ ညိုညိုသာရှိနေ၏။

နေညိုညိုတွင် သပိတ်တပ်ကြီးသည် စည်းကမ်းသေဝပ်စွာ ချီတက်နေ၏။ တပ်ဗိုလ်၊ တပ်ကြပ်များထဲတွင် လူဝတ်ကြောင်များကိုသာမက ဝါဝင်းသော သင်္ကန်းများကို စည်းထားသည့် သံဃာတော်များကိုပါမြင်ရသည်။

သူတို့ရှေ့မှ သပိတ်တပ်ဖြတ်သွားစဉ် မလေးနွယ်က အော်သည်။

"သက်ခိုင်. . မောင်လေး ဟောဟိုမှာ မောင့်အဖေ ဦးလေး စိုးခိုင်ရယ်"

သက်ခိုင်၏ အဖေက တပ်ဗိုလ်တစ်ဦး အဖြစ်ချီတက်လာနေသည်။

သက်ခိုင်သည် လက်မောင်းဆန့်ကာ အသံကုန်အော်သည်။

"တို့ဗမာ. . ဖေဖေရေ. . တို့ဗမာ. . မမနွယ်. . အော်လေ"

မလေးနွယ်ကလည်း ပထမဦးစွာအဖြစ် သူ့အသံ စူးစူးလေးနှင့် အော်သည်။

ဦးလေးစိုးခိုင်ရေ. . တို့ဗမာ တို့ဗမာ. . "

သက်ခိုင်၏ အဖေသည် ကလေးများကိုမြင်သွားသည်။ တပ်ဗိုလ်ဖြစ်နေသောကြောင့် ခွန်းတုံ့ပြန် မဟစ်သော်လည်း ကလေးများကို လှည့်ကြည့်ရင်း မသိမသာကျေနပ်စွာ ပြုံးသွား၏။

နောက်ဆက်၍ သပိတ်တပ်ကြီးချီလာရာတွင် မလေးနွယ်သည် အရှိန်ရသွားသောကြောင့် သက်ခိုင်နှင့်အတူ သံပြိုင်လိုက်အော်နေ၏။ သက်ခိုင်လောက်မူ ကြွေးကြော်သံ စေ့အောင်မအော်တတ်။

" တို့ဗမာ. . တို့ဗမာ. . . ."

အော်တတ်သမျှကို မလေးနွယ်က အသံကုန် လိုက်အော်နေရှာ၏။

မလေးနွယ် အော်၍ကောင်းနေတုန်း ပရိသတ်များကြားမှ ကိုချစ်တိုးသည် တိုးဝှေ့ ထွက်ပေါ်လာ၏။

" အမယ်လေး. . နွယ်ရာ၊ ဟိုမှာတရားနာပြီးတော့မယ်၊ တော်တော်ကြာ နင်မတွေ့ရင် ငါ့ကိုပဲ အပျိုကြီးမမက ကြိမ်းဦးမှာ၊ ကဲ တော်တော့. . ပြန်ခဲ့တော့"

မလေးနွယ်နှင့် သက်ခိုင်တို့က ကိုချစ်တိုးကို ဝိုင်းအနိုင်ကျင့်ကြသည်။

" ဦးလေးကို ချစ်တိုးကြီးလည်း အော်လေ . . တို့ဗမာ တို့ဗမာလို့ . . ."

ကိုချစ်တိုးသည် သပိတ်တပ်ကြီးကိုပြုံးရွှင်စွာ လှမ်းကြည့်ပြီး တက်ကြွစွာအော်၏။

" တို့ဗမာ. . သခင်မျိုးဟေ့. . တို့ဗမာ"

မလေးနွယ်သည် ကိုချစ်တိုး၏ လည်ပင်းကို ဟီးလေးခိုစီးကာပြော၏။

" အဲ. . ဒါမှ နွယ့်ဦးလေး ကိုချစ်တိုးကွ၊ ဟားဟား. . "

ကိုချစ်တိုးက နွယ့်ကိုတောင်းပန်၏ ။

" ကဲ. . ဒါဖြင့်ပြန်ကြရအောင် နွယ်ရာ၊ ဟုတ်လား"

" အင်းပါ. . ပြန်မှာပေ့ါ"

မလေးနွယ်က သက်ခိုင်ဘက်သို့ လှည့်ကြည့်ပြီး နှုတ်ဆက်သည်။

" မောင်လေးရေ. . မမနွယ်ပြန်တော့မယ်၊ မောင်ရေ. . တို့ဗမာဟေ့. . "

သက်ခိုင်ကလည်းသူ့ညာလက်လေးကို လက်သီးဆုပ်ကာ မြှောက်ကာတုံ့ပြန်၏။

" တို့ဗမာဟေ့. . သခင်မျိုးဟေ့. . တို့ဗမာ"

မလေးနွယ်သည် မသိမသာငေးငိုင်သွား၏၊ ကိုချစ်တိုးကလည်းပါးစပ်ဟကာ ငေးကြည့်မိ၏။

မာန်နှင့်မြှောက်ပြထားသော သက်ခိုင်၏ ညာဘက်လက်ကောက်ဝတ်တွင် သွေးတို့ ရွဲရွဲစိုနေသည်လေတကား။

**အခန်း (၁၄)**

**သည်လင်... သည်သား**

နှစ်ထောင်မျှသော အလုပ်သမားဦးရေ ပါဝင်သည့် ခြေကျင်သပိတ်တပ်ကြီး ရေနံမြေမှ ချီတက်ထွက်ခွာသွားသော သတင်းသည် သာယာဝတီလယ်သမားသူပုန်ကြီးကဲ့သို့ပင် တစ်ပြည်လုံးကို သိမ့်သိမ့်တုန်သွားစေ၏။ အင်္ဂလိပ်နယ်ချဲ့အရင်းရှင်တို့နှင့် သင်းရို့၏ရုပ်သေးဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရကိုလည်း ခြေမကိုင်မိလက်မကိုင်မိ ဖြစ်အောင် ယောက်ယက်ခတ်တုန်လှုပ်ချောက်ချားသွားစေ၏။

လက်နက်အင်အားချင်းမယှဉ်သာအောင် ကွာခြားလွန်းလှသည့်ဖြစ်၍ တစ်ကြောင်း၊ နိုင်ငံရေးသဘော တရားပြည့်ဝသည့် စနစ်ကျသော ခေါင်းဆောင်မှုနှင့် စည်းရုံးမှုကင်းမဲ့သည်ဖြစ်၍ တစ်ကြောင်း သတ္တိအရာ၌ ပြောင်မြောက်ခဲ့လင့်ကစား သာယာဝတီ လယ်သမားသူပုန်ကြီးသည် ပြိုကွဲခဲ့ရသည်။ ပြိုကွဲပင်ပြိုကွဲခဲ့ရသော်လည်း မြန်မာတောင်သူလယ်သမားတို့သည် အခဲမကျေ။ မာန်ကိုမချ။ အခါကောင်းကိုစောင့်နေမှန်း . . . နေမဝင်သော အင်ပါယာကြီး၏ သခင်၊ ဘဏ်ကြီးရှင်တို့ကောင်းကောင်းသိကြသည်။

ယခုမူ မကြုံစဖူး ထူးကဲသော အလုပ်သမားအုံကြွမှုကြီး ကားစခဲ့လေပြီ။ သူတို့ကား လက်နက်မဲ့၊ ရိက္ခာမဲ့သော်လည်း စည်းကမ်းကားမမဲ့။ နိုင်ငံရေးသဘောတရားနှင့် ယုံကြည်မှုလည်းမမဲ့။

သူတို့ကိုခေါင်းဆောင်မှုပေးနေသော တို့ဗမာအစည်းအရုံး၏ တို့ဗမာသီချင်းမှ 'အရှေ့နေဝန်းထွက်သည့်ပမာ၊ တို့ခေတ်ကိုတော့ ရောက်ရမည်မလွဲပါ' ဟူသောစာပိုဒ်သည် သူတို့၏ နိုင်ငံရေးသဘောတရားနှင့် ယုံကြည်မှုကို ရောင်ပြန်ဟပ် ပဲ့တင်ထပ်ထားသည်၊ ရောက်ရမည်မလွဲဟု သူတို့ယုံကြည်ထားသော 'တို့ခေတ်' ဟူသည်ကား သူတို့၏ခေတ်၊ ထိုခေတ်ကြီးရောက်သောအခါ၌ ယနေ့ သူတို့တစ်တွေသည် ရှိချင်မှရှိပေတော့မည်။ မရှိတော့စေ. . . သူတို့မှုမည်မဟုတ်။ သူတို့၏ စေတနာကား သမိုင်းပေးတာဝန်ကို ကျေပွန်ရေးသာဖြစ်၏။ ထို့ကြောင့်လည်း သူတို့သီချင်းက သစ္စာစကားကို ဆိုသည်။

"နောင်လာနောက်သား ကောင်းစားဖို့ရာ. . . . တို့ကိုယ်ကျိုးလုံးလုံးမပါ"

ဤနိုင်ငံရေးသဘောတရား၊ ဤယုံကြည်မှု၊ ဤစေတနာတို့ကြောင့် သူတို့သည် အငတ်ခံကာလ နှင့်ချီ သပိတ်မှောက်ခဲ့သည်။ ချောက်မှသည် ရန်ကုန်တည်းဟူသော မိုင် ၄၀၀ ကျော်ခရီးကို ခြေကျင်လျှောက် ဆန္ဒပြကြသည်။

သူတို့၏ ခြေကျင်လျှောက်မှုကား ပထဝီမြေပြင်၌ ခြေနှင့်ရွေ့လျားသွားသော သာမန်လျှောက်မှုမဟုတ်။

ပန်းဝါမှသည် ရန္တပိုအထိ ချီခဲ့သော မဟာဗန္ဓုလ၏ ရှေ့ပြေးနယ်ချဲ့ဆန့်ကျင်ရေး မြန်မာတိုင်းရင်းသားများ၊ အလံတောင်မှသည် ရှမ်းပြည်နယ် တောင်ပိုင်းရပ်စောက်အထိချီခဲ့သော ဆရာစံ၏ တောင်သူလယ်သမားသူပုန်များ၊ ထိုအာဇာနည်များနည်းတူ သမိုင်းမြေပြင်ထက် လွတ်မြောက်ရေးလှုပ်ရှားမှု ခြေရာထင်အောင် ရွေ့လျားပြသော ပြည်သူ့တိုးတက်မှု ခြေလှမ်းများသာ ဖြစ်လေသတည်း။

